စိန်ငှက်ရိုး

# ပျော်တော်မူဟာသများ



အုပ်ရေ - ၅၀၀

တန်ဖိုး - ၈၀၀ ကျပ်

ထုတ်ဝေသည့်ခုနှစ် - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ

အဖုံးဒီဇိုင်း - ကျော်ဝင်းမောင်

အတွင်းဖလင် - Dream City

ကွန်ပျူတာစာစီ - Dream City

**ထုတ်ဝေသူ**

ဒေါ်သင်းသင်းမွန် (သင်းစာပေ)၊ အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးစိုးတင့်၊ ညီမေတ္တာပုံနှိပ်တိုက်
သုဓမ္မဝိပဿနာရိပ်သာ၊ မော်ဘီမြို့နယ်၊ ရန်ကုန်။

၈၉၅.၈၃

စိန်ငှက်ရိုး

ပျော်တော်မူဟာသများ/စိန်ငှက်ရိုး။ - ရန်ကုန်
သင်းစာပေ၊ ၂၀၁၂။

၁၆၀-စာ၊ ၁၈.၅ x ၁၂ စင်တီ။

(၁) ပျော်တော်မူဟာသများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပြောသာပြော | ၁ |
| ၂။ | (၁၀)မျိုးတဲ့ | ၂ |
| ၃။ | ချစ်ဖူး | ၄ |
| ၄။ | ငါ့ဟာတဲ့ | ၅ |
| ၅။ | စောင့်ပါဦး | ၆ |
| ၆။ | လဲကျသွားတယ်တဲ့ | ၇ |
| ၇။ | ကြာပြီ | ၈ |
| ၈။ | မနိုးလေ ကောင်းလေ | ၉ |
| ၉။ | ဖုန်းနံပါတ်လားလို့ | ၁၀ |
| ၁၀။ | ရွှေသွားနဲ့ဗျ | ၁၁ |
| ၁၁။ | ယုန်တွေ | ၁၂ |
| ၁၂။ | အဝယ်တော်တဲ့ | ၁၃ |
| ၁၃။ | ရေခြောက်အောင်လို့ | ၁၄ |
| ၁၄။ | လျှာထုတ်ပြဆိုလို့ | ၁၅ |
| ၁၅။ | ခွာနဲ့ | ၁၆ |
| ၁၆။ | စဉ်းစားမှာပေါ့ | ၁၇ |
| ၁၇။ | ငါတွေ က | ၁၈ |
| ၁၈။ | ဆင်းရဲလို့လား | ၁၉ |
| ၁၉။ | ဟာ | ၂၀ |
| ၂၀။ | ပင်စင်နဲ့ | ၂၁ |

| | | |
|---|---|---|
| ၂၁။ | ကျုံ့သွားမှာ | ၂၂ |
| ၂၂။ | စစ်ရင် | ၂၃ |
| ၂၃။ | မိန်းမရဲ့ညွှသည် | ၂၄ |
| ၂၄။ | တစ်အိမ်လုံးသောက် | ၂၅ |
| ၂၅။ | အသံတိတ်ညှပ် | ၂၆ |
| ၂၆။ | စိန်ပါလား | ၂၇ |
| ၂၇။ | ဒုံးဝေးပဲ | ၂၈ |
| ၂၈။ | လိုင်စင်မလို | ၂၉ |
| ၂၉။ | မယူသွားပါနဲ့ | ၃၀ |
| ၃၀။ | ဟယ် | ၃၁ |
| ၃၁။ | စောင့်မယ်လေ | ၃၂ |
| ၃၂။ | ထင်လို့ပါ | ၃၃ |
| ၃၃။ | စီးပွားရေးလေ | ၃၄ |
| ၃၄။ | မှန်ပါတယ် | ၃၅ |
| ၃၅။ | ဟင် | ၃၆ |
| ၃၆။ | အံ့ပါ | ၃၇ |
| ၃၇။ | ကြိုသွင်းရမလား | ၃၈ |
| ၃၈။ | မီတာလေ | ၄၀ |
| ၃၉။ | သေသွားကြလို့ပါ | ၄၁ |
| ၄၀။ | ဟုတ်ပ | ၄၃ |
| ၄၁။ | ရှင့်ကို | ၄၄ |
| ၄၂။ | ဆင်ခြေက | ၄၅ |
| ၄၃။ | နေမင်းလိုလူ | ၄၆ |
| ၄၄။ | ညသွားလေ | ၄၇ |

၄၅။ နဂိုအတိုင်းပဲထားပါ ၄၈
၄၆။ ချစ်လိုက်ပုံက ၅၀
၄၇။ ဘာ ဘာ ၅၁
၄၈။ ဆယ်ကြိမ်တဲ့ ၅၃
၄၉။ သိမယ် ၅၄
၅၀။ မေမေပါ ၅၅
၅၁။ ဘာမှပူပါနဲ့ ၅၆
၅၂။ ခဏလေးပါ ၅၇
၅၃။ အဖော်က ၅၈
၅၄။ စမတ်အကျဆုံးလူ ၅၉
၅၅။ ခေါ်ရပုံက ၆၀
၅၆။ ဘာမှမသိပါ ၆၂
၅၇။ ယူပါတဲ့ ၆၃
၅၈။ ဒီဆေးပဲ ၆၄
၅၉။ မဖြေလို့ ၆၅
၆၀။ ကျွန်မအသုံးမကျလို့ ၆၆
၆၁။ အလှူခံတွေက ၆၇
၆၂။ ထွက်ပြေးရင် ၆၈
၆၃။ စဉ်းစားပေးပါ ၆၉
၆၄။ တောသားလေ ၇၀
၆၅။ တွေ့မှာပါ ၇၂
၆၆။ မယုံဘူးဆို ၇၃
၆၇။ လိုသေးတယ် ၇၄
၆၈။ ၀ လုံးကျန်ခဲ့ရင် ၇၅

၆၉။ မှားပုံက ၇၆
၇၀။ စာမေးပွဲလား ၇၇
၇၁။ လာမရစ်နဲ့ ၇၈
၇၂။ ပုန်းမယ်ကွာ ၇၉
၇၃။ မနက်သုံးနာရီတဲ့ ၈၀
၇၄။ မားပြနော် ၈၁
၇၅။ နေပါစေ ၈၂
၇၆။ ပိုက်ဆံဆိုတာ ၈၃
၇၇။ မားကျွမ်းတဲ့ ၈၄
၇၈။ လာနေရသေးတယ် ၈၅
၇၉။ ကားတွန်းဆရာ ၈၆
၈၀။ သုဘရာဇာဆိုတာ ၈၇
၈၁။ စဉ်းစားပါဦး ၈၈
၈၂။ ငွေလိုလို့တဲ့ ၈၉
၈၃။ ပြောခဲ့တယ်လေ ၉၀
၈၄။ သားမသိ အဖေမသိ ၉၁
၈၅။ ဆုံမယ်နေရာက ၉၂
၈၆။ အလုပ်ခွင်က ၉၃
၈၇။ မိန်းမကြောက်တဲ့အရာ ၉၄
၈၈။ ကားနဲ့ကျွဲ ကွာခြားချက် ၉၅
၈၉။ ထူးခြားလိုက်ပုံက ၉၆
၉၀။ မှန်တယ်တဲ့ ၉၇
၉၁။ လက်ဖွဲ့ကြိုးဝိုင်းထဲရောက်မှာ ၉၈
၉၂။ ဖြစ်ပုံက ၉၉

| | | |
|---|---|---|
| ၉၃။ | ကိုင်စေချင်တာက | ၁၀၀ |
| ၉၄။ | မှာထားလို့ပါ | ၁၀၁ |
| ၉၅။ | ပြည့်သေးဘူး | ၁၀၂ |
| ၉၆။ | မှားတယ်ဟဲ့ | ၁၀၃ |
| ၉၇။ | မသည်းကွဲပုံက | ၁၀၄ |
| ၉၈။ | နေဖို့ သေဖို့ပြင်ဆင်ထားပုံက | ၁၀၅ |
| ၉၉။ | အိမ်ဦးနတ်လေ | ၁၀၆ |
| ၁၀၀။ | ပျားလိုမကျင့်နိုင် | ၁၀၇ |
| ၁၀၁။ | ကာလပ်တွေက | ၁၀၈ |
| ၁၀၂။ | ပြဖို့စာ | ၁၀၉ |
| ၁၀၃။ | တူသွားတယ်တဲ့ | ၁၁၀ |
| ၁၀၄။ | အင်္ကျီနဲ့ကား | ၁၁၁ |
| ၁၀၅။ | မေ့ဆေးဆရာဝန် | ၁၁၂ |
| ၁၀၆။ | သတ်ပုံမှားရင် | ၁၁၃ |
| ၁၀၇။ | စိတ်မကောင်းပုံက | ၁၁၄ |
| ၁၀၈။ | ယောက္ခမဖတ်လို့ | ၁၁၅ |
| ၁၀၉။ | ဈေးနှုန်းပြင်မှ | ၁၁၆ |
| ၁၁၀။ | ခက်မယ် | ၁၁၈ |
| ၁၁၁။ | ခံစားလို့ရတာက | ၁၁၉ |
| ၁၁၂။ | တင်ပြပုံက | ၁၂၁ |
| ၁၁၃။ | မေမေလာပါတဲ့ | ၁၂၃ |
| ၁၁၄။ | ထည့်လိုက်မိပုံက | ၁၂၅ |
| ၁၁၅။ | စာဖတ်တတ်ပုံက | ၁၂၆ |
| ၁၁၆။ | မှန်လိုက်လေ | ၁၂၇ |

၁၁၇။ ထင်တာပဲ ၁၂၈
၁၁၈။ ပျင်းတဲ့ရက် ၁၂၉
၁၁၉။ ဝယ်ဦးလေ ၁၃၀
၁၂၀။ လာတဲ့ဖုန်းတွေဟာ ၁၃၁
၁၂၁။ ပြောင်းပြန်တဲ့ ၁၃၂
၁၂၂။ ကျိုးဖြူရေဆိုတာ ၁၃၃
၁၂၃။ သွားမယ် ၁၃၄
၁၂၄။ ငါလုပ်မယ် ၁၃၅
၁၂၅။ စဉ်းစားလေ ၁၃၆
၁၂၆။ လှပါဘူး ၁၃၇
၁၂၇။ လှမှ ၁၃၈
၁၂၈။ လိုင်းကားဆိုတာ ၁၃၉
၁၂၉။ တိုင်ဘူးကွာ ၁၄၀
၁၃၀။ ပြောင်းသွားလို့ ၁၄၁
၁၃၁။ အသက်ရှည်ပုံက ၁၄၂
၁၃၂။ အသက်ရှည်ချင်ပုံက ၁၄၃
၁၃၃။ ဈေးများပုံက ၁၄၄
၁၃၄။ ဆေးခန်းဖွင့်ပုံက ၁၄၅
၁၃၅။ သေပြီဆရာ ၁၄၆
၁၃၆။ တောင်းမှာပဲ ၁၄၇
၁၃၇။ သေဟ ၁၄၈
၁၃၈။ စိတ်ကူးက ၁၄၉
၁၃၉။ ပျက်နေရင် ၁၅၀

❖ ❖ ❖



## ပြောသာပြော

"ညက တစ်ညလုံးမိုးခြိမ်းတာ ကြောက်စရာကောင်းကောင်း တယ်၊ မင်းမကြားဘူးလား"

"ရှင်ကျွန်မကို ဘာလို့မနှိုးတာလဲ၊ မိုးခြိမ်းရင် ကျွန်မ မအိပ်တတ်ဘူးဆိုတာ ရှင်သိရက်သားနဲ့"



# (၁၀)မျိုးတဲ့

လုပ်ငန်းပိုင်ရှင် သူဌေးတစ်ဦးသည် ရက်ပိုင်းအတွင်းခန့်လိုက်သည့် ဝန်ထမ်းအသစ်တစ်ဦးကို…

“ငွေစာရင်းကို ပေါင်းမယ်ဆိုရင် အနည်းဆုံး သုံးကြိမ်လောက် ပေါင်းကြည့်ပါ၊ အဲဒါ နောက်ဆုံးစုစုပေါင်း အမှန်ထွက်လာမယ်၊ စုစုပေါင်းမှန်တယ်ဆိုတာလည်း သေချာသွားမယ်”

အစရှိသည်ဖြင့် ညွှန်ကြားပြောဆိုသည်။ နောက်တစ်နေ့အလုပ်ချိန်တွင် ဝန်ထမ်းသစ်သည် ပြုံးရွှင်သောမျက်နှာပေးဖြင့် လုပ်ငန်းပိုင်ရှင်သူဌေး၏ သီးသန့်အခန်းထဲသို့ ဝင်လာသည်။

“ဘယ့်နှယ်လဲ၊ ငွေစာရင်းပေါင်းပြီးပြီလား”

“ကျွန်တော်ပေါင်းပြီးပါပြီ သူဌေးမင်းခင်ဗျာ”

“ဘယ်နှယ့်လဲ၊ ကျုပ် မနေ့ကညွှန်ကြားထားသလို အနည်းဆုံး သုံးကြိမ်လောက် ထပ်ခါထပ်ခါ ပေါင်းကြည့်တယ် မဟုတ်လား”

“ကျွန်တော် ပေါင်းကြည့်ပါတယ်ခင်ဗျာ၊ သုံးကြိမ်တောင် မကဘူး၊ (၁၀)ကြိမ်အထိ ပေါင်းကြည့်တယ်”

“အဲဒါ အလွန်သေချာတာပေါ့၊ (၁၀)ကြိမ်ပေါင်းကြည့်တော့ စုစုပေါင်းဟာ သေချာပြီပေါ့၊ မှန်ပြီပေါ့”

“အဲဒီလိုလည်းမဟုတ်ပါဘူး၊ သူဌေးမင်းခင်ဗျာ”

“ဟင်၊ ဘယ်လိုဖြစ်လို့လဲ”

“(၁၀)ကြိမ်ပေါင်းကြည့်တော့ စုစုပေါင်း(၁၀)မျိုးထွက်နေလို့ပါ”





## ချစ်ဖူး

"ကိုလှမောင်၊ ခင်ဗျားရဲ့ အချစ်ဆုံးသူငယ်ချင်းကို ခင်ဗျား ငွေတစ်ထောင် ချေးနိုင်ပါ့မလား"

"ချေးနိုင်တာပေါ့၊ ဒါပေမယ့် ကျုပ်ဆီမှာ အချစ်ဆုံးသူငယ်ချင်း မရှိဘူး"

## ငါ့ဟာတဲ့

ဒီနေ့မှ လက်ထပ်ထားသော ဇနီးမောင်နှံနှစ်ဦးသည် ပျော်နေကြသည်။ ညဖက်ရောက်သောအခါ သူခိုးသည် ၄င်းတို့အိမ်တွင်ခိုးရန် သူတို့နှစ်ယောက် အိပ်ရာဝင်မည့်အချိန်ကို အိမ်အောက်တွင် စောင့်နေသော်လည်း လင်မယားနှစ်ယောက် အတော်နှင့် မအိပ်ကြနိုင်ပေ။ သတို့သားက သတို့သမီး၏ မေးစေ့လေးကိုကိုင်ပြီး

"ဒါ ဘယ်သူ့အချစ်ကလေးလဲ"

"ဒါ ဘယ်သူ့အသည်းလေးလဲ"

ထပ်ထပ်ခါခါ မေးနေရာ (၁၂)နာရီ ကျော်လာ၏။ သူခိုးမှာ စိတ်မရှည်တော့ပေ။ ထို့ကြောင့် သူခိုးက...

"ငါ့ဟာလေး...ငါ့ဟာလေးကွ...တော်းရ"





## စောင့်ပါဦး

မနက် (၄)နာရီခန့်တွင် နီတာလေး ရုတ်တရက် အိပ်ရာမှ နိုးလာပြီး အမေဖြစ်သူအား ပုံပြောပြရန် ပူဆာသည်။ အမေက ပြောသည်။

"စောင့်ပါဦးသားရယ်၊ ခဏနေ သားဖေဖေ ပြန်လာတော့မှာကွယ်၊ အဲဒီအခါမှာ သူပြောပြမယ့်ပုံပြင်ကို မေမေနဲ့သား နားထောင်ကြတာပေါ့ ဟုတ်လား"

## လဲကျသွားတယ်တဲ့

မိမိ၏ မိန်းမနှင့်ပတ်သက်၍ အရက်မူးသမားက အဖော်ဖြစ်သူ သူငယ်ချင်းကို ပြောသည်။

"အိမ်ကမိန်းမ အင်မတန် ဂျီကျတယ်၊ ကျုပ်အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ 'ပါးစပ်ဟာစမ်း' လို့ အမြဲတမ်း အမိန့်ပေးတယ်"

"အဲဒီအခါမှာ ခင်ဗျားမိန်းမ တုန့်ပြန်မှု ဘယ်လိုရှိလဲ"

"သူ လဲကျသွားတယ်လေ"





## ကြာပြီ

လူနာအမျိုးသမီးကို ဆရာဝန်က စမ်းသပ်စစ်ဆေးကြည့်သည်။ ပြီးသောအခါ အပြင်တွင်စောင့်နေသော ယောကျ်ားဖြစ်သူကို ဘေးကိုခေါ်ထုတ်ကာ ပြောသည်။

"ခင်ဗျားအမျိုးသမီးကို ကျုပ် သိပ်မကြိုက်ချင်ဘူးဗျာ"

"ကျွန်တော်လည်း မကြိုက်ဘူး၊ ပြီးတော့ မကြိုက်တာ ကြာပြီဗျ"

## မနီးလေ ကောင်းလေ

လူတစ်ယောက် ဆရာဝန်ကို လာပြ၏။

"ဆရာ...ကျွန်တော့်မှာ ထူးဆန်းတဲ့ရောဂါ တစ်ခုရနေပါတယ်၊ ကျွန်တော် လမ်းလျှောက်တိုင်း ခြေတစ်ချောင်းက အမြဲတမ်း ရှေ့ရောက်ရောက်နေပါတယ်"

ဆရာဝန်လည်း ထိုလူအား ဆေးပြားကလေးနှစ်ပြား ပေးလိုက်ရင်း...

"ဆေးတစ်ပြားကို ခင်ဗျား အိပ်ပျော်သွားတဲ့အချိန်မှာ သောက်ပါ၊ နောက်တစ်ပြားကိုတော့ အိပ်ရာကမနိုးခင် သောက်ပါ"တဲ့။





## ဖုန်းနံပါတ်လားလို့

သမိုင်းဆရာက "သီပေါမင်း ပါတော်မူတဲ့နေ့ကို... သိလား" မောင်စိန်မောင်ကို မေးလိုက်၏။

"မသိပါဘူး... ဆရာ"

ဆရာက မကျေမနပ်... ဖြစ်သွား၏။

"မင်းကို ၁၂၄၇ ခုနှစ်လို့ ရေးပေးထားတာ မကျက်ဘူးထင်တယ်"

"ကျက်ပါတယ်...ဆရာ၊ အဲဒါကို ကျွန်တော်က သီပေါမင်းရဲ့ဖုန်းနံပါတ် မှတ်နေတာ"

"ဖြစ်ရလေ"

## ရွှေသွားနဲ့ဗျ

ဂျာမဏီနိုင်ငံ ရဲစခန်းတွင် ဖြစ်ပါသည်။


"လမ်းမှာ... လူဆိုးတစ်ယောက်က ဓါးမြောင်ထုတ်ပြပြီး ကျွန်တော့်ပိုက်ဆံအိတ်ကို လုယူသွားပါတယ်"

"လူတွေနဲ့ နီးနီးလေးပဲဗျာ၊ ဘာဖြစ်လို့... အော်ပြီး အကူအညီ မတောင်းတာလဲ"

"ပါးစပ်မဟာရဲလို့ပါ၊ ပါးစပ်ဟာလိုက်ရင်... ရွှေသွားပါ ဖြုတ်ယူသွားမှာဗျ"

"ဗျာ"





## ယုန်တွေ

လူနော ။ ။ "မုန်လာဥစားရင် မျက်စိ အားကောင်းတယ်ဆိုတာ အမှန်ပဲလား ဆရာ"

ဆရာဝန် ။ ။ "သိပ်မှန်တာပေါ့၊ မုန်လာဥစားတဲ့ ယုန်တွေ ဘယ်မှာ မျက်မှန်တပ်ရလို့လဲ"

လူနော ။ ။ "ဗျာ"

## အဝယ်တော်တဲ့

အသက် (၅၀)ကျော်ပြီဖြစ်သော်လည်း အပျိုရှုံးလောက်အောင် အလှပြင်ပြီး ပွဲလမ်းသဘင်များသို့ တက်သွားနေသည့် အန်တီရီက ၄င်း၏သူငယ်ချင်းမကို မေးသည်။

"ဒီနေ့ညေ့ခံပွဲမှာ အိုင့်ကို တစ်ချိန်လုံး ကြည့်နေတဲ့သူကို ယူသိလားဟင်"

"သိတယ်၊ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်တဲ့လူ"



## ရေခြောက်အောင်လို့

စိတ်ရောဂါကုဆေးရုံတစ်ရုံတွင် စိတ်ရောဂါကု ဆရာဝန်ကြီးနှင့် လူနာတစ်ဦးတို့ စကားပြောနေကြသည်။

ဆရာဝန် ။ ။ "ခင်ဗျားဟာ မနေ့ကတုန်းက ရေနစ်နေတဲ့လူ ယောက်ကို ကယ်လိုက်တယ်ဆိုတာ ကျွန်တော် သိလိုက်တယ်၊ စိတ်ပညာအရဆိုရင် ဒီလိုပြုမူ ဆောင်ရွက်မှုဟာ ခင်ဗျားစိတ် လုံးဝ ပုံမှန်ဖြစ် သွားပြီဆိုတဲ့သဘောဖြစ်လို့ ခင်ဗျားကို ကျွန် တော်တို့ ဒီနေ့ဆေးရုံက ဆင်းခွင့်ပြုလိုက်ပါပြီ၊ ဒါပေမယ့် ဝမ်းနည်းစရာက ခင်ဗျား ကယ် လိုက်တဲ့လူဟာ ဆေးရုံနောက်ဘက်မှာ ကြိုး တန်းလန်းနဲ့ မနေ့ကပဲ ကြိုးဆွဲချ သေသွားရှာ တယ်ဗျာ"

လူနာ ။ ။ "ဒီလူကြိုးဆွဲချသေတာ မဟုတ်ပါဘူး၊ သူ့ကို ရေထဲကဆယ်လာပြီး ရေစိုနေတာနဲ့ ကျွန်တော် ပဲ သူ့လည်ပင်းကို ကြိုးနဲ့ချည်ပြီး အခြောက် လှန်းပေးထားတာပါ"




## လျှာထုတ်ပြဆိုလို့

ကိုကိုဦးနှင့် ညီညီလွင်တို့ လမ်းလျှောက်လာကြသည်။ တစ်နေရာတွင် မျက်နှာချင်းဆိုင်မှလာသော လူတစ်ယောက်ကို ညီညီလွင် လျှာထုတ်ပြလိုက်သည်။ ကိုကိုဦးက အံ့သြတကြီး မေးသည်။

"ဟေ့ ညီညီ၊ ဟိုလူကြီးကို ဘာဖြစ်လို့ လျှာထုတ်ပြရတာလဲ"

"သူက တို့မြို့နယ်ဆရာဝန်လေ၊ လျှာထုတ်ပြတာကို သူ သိပ်သဘောကျတာကလား၊ သူ့ဆီသွားတိုင်း "လျှာထုတ်ပြစမ်း" လို့ အမြဲတမ်းပြောတယ်"



## ခွာနဲ့

"ဒီကောင်ယူမယ့်အမျိုးသမီးက တော်တော်လှတယ်ကွ"

"ဟော့ကောင်ရယ်၊ လှတယ်ဆိုတာ အရေပြားတစ်ထောက်ပါကွာ"

"ဒါဆို မင်းတို့မိန်းမယူရင် အရေပြားခွာကြည့်ရမှာလား"





## စဉ်းစားမှာပေါ့

"ချစ်သူနဲ့ဖက်ရင်း နမ်းရှုပ်နေချိန်မှာ အမျိုးသမီးတွေဟာ ဘာဖြစ်လို့ မျက်စိပိတ်ထားသလဲ"

"အရင်နမ်းခဲ့တဲ့ လူတွေအကြောင်းကို စဉ်းစားနေလို့"

## ငါတွေ က

မိမိမောင်းလာသော ကားနှင့် တိုက်မိမလိုဖြစ်သွားသော လူကြီးကို ကားမောင်းသူ လူငယ်က ပြောသည်။

"ခင်ဗျားကြီး၊ နမော်နမဲ့နိုင်လို့ အခုမတိုက်မိရုံတမယ်ဖြစ်ရတာ၊ ကျုပ်တော် ကားမောင်းနေတာ ဆယ်နှစ်ရှိပြီ၊ ဒီလိုအဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဖူးသေးဘူး"

"ငါကလည်း အပျံသင်စငှက် မဟုတ်ဘူးကိုယ့်လူ၊ လမ်းလျှောက်နေတာ နှစ် (၅၀)ရှိပြီ"





## ဆင်းရဲလို့လား

"မေမေ ဟိုဘက်ခန်းကလူတွေ အတော်ဆင်းရဲတယ် ထင်တယ်"

သားဖြစ်သူက အိမ်နီးနားချင်းအခန်းမှ ဆူညံသံများကြားသဖြင့် မိခင်ကို ပြောလိုက်သည်။

"သား... ဘာဖြစ်လို့လဲ"

"မေမေရယ် ကလေးပေါက်စက ပြားစေ့တစ်စေ့ မျိုချလိုက်တာကို ရေးကြီးခွင်ကျယ်လုပ်ပြီး အော်ဟစ်နေကြတယ်"

ဟာ

တယ်လီဖုန်းသံ မြည်လာသည်။

"ဟဲလို... အရာခံဗိုလ်ဦးဘမောင် အိမ်ကပါလား"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့ပါလဲ"

"ဆရာကြီးရဲ့ရှေ့ခန်းက တပ်ကြပ်ကြီးလှဝင်းကို ခဏခေါ် ပေးပါလားခင်ဗျာ"

"သူနဲ့ဘာပြောချင်လို့လဲ"

"သူ အိမ်မှာရှိနေရင် သူ့ဆီ ကျွန်တော် အလည်လာခဲ့မယ်လို့ ပြောပေးပါ၊ သူ မရှိဘူးဆိုရင်တော့ ကျွန်တော့်ဆီလာခဲ့ပါလို့ ပြောပေးပါ"





ပင်စင်နဲ့

“ဦးမြမောင်တစ်ယောက် ဘာဖြစ်လို့ ဒီလောက်နောက်ကျမှ မိန်းမ မယူရတာလဲ”

“စိတ်ချရပြီး ပုံမှန်လည်းဖြစ်တဲ့ ဝင်ငွေရမယ့်နေ့ကို သူစောင့်နေလို့ပါ”

“ဘာလဲ၊ အခုသူရပြီလား”

“ဟုတ်တယ်၊ အခု သူ သက်ပြည့်ပင်စင်ရပြီ”



## ကျုံ့သွားမှာ

တောသူဌေးတစ်ယောက်မှာ ဖခင်ကြီးထံတွင် လုပ်ငန်းသုံး လှည်းကွက်အမျိုးမျိုးကို သင်ကြားနေရ၏။

သူဌေးကြီးက အရာရာတွင် ကိုယ်တိုင်မဆုံးဖြတ်ဘဲ သူ့ကို ကြည့်ရန်နှင့် သူ့နည်းနိဿယများကို နမူနာယူပါရန် သွန်သင် ဆုံးမခဲ့၏။

တစ်နေ့ သူတို့ဆိုင်သို့ ဈေးဝယ်တစ်ယောက် ရောက်လာ၏။ သားဖြစ်သူက ဖခင်ထံသွားမေး၏။

"အဖေ...ဟိုရှေ့က ဈေးဝယ်သူက ကျွန်တော်တို့ရောင်းတဲ့ မတွန့်မကျုံ့ဘူးလို့ အာမခံတဲ့အင်္ကျီတွေဟာ လျှော်လိုက်ရင် တကယ်ကျုံ့ မသွားဘူးလားတဲ့"

အဖေ ။ ။"အင်္ကျီက သူနဲ့တော်လို့လား"

သား ။ ။"မတော်ဘူးအဖေ၊ အကြီးကြီးပဲ"

အဖေ ။ ။"ဒါဆိုရင် ပြန်ပြောလိုက်၊ ကျုံ့သွားပါလိမ့်မယ် လို့"

# စစ်ရင်

တရားခွင်၌ ပြစ်မှုထင်ရှားသောတရားခံအား ထောင်ဒဏ်ချလိုက်၏။ တရားခံမှာ သူ့ရှေ့နေအား ဒေါသထွက်၍မဆုံးဘဲ...

"ဆရာ့ကိုငွေးမှ... ထောင်ကျတာ... ရှေ့နေတစ်ယောက်မှ ဟုတ်ရဲ့လား"

ရှေ့နေက "စိတ်ချပါကွာ၊ ငါက...ရှေ့နေအစစ်၊ ဟိုကလဲ... တရားသူကြီးအစစ်၊ မင်းကလည်း တရားခံအစစ်ဆိုတော့ ပေါင်းမိသွားတာပေါ့"





## မိန်းမရဲ့ဇည့်သည်

လူခေါ်ခေါင်းလောင်းသံ မြည်သဖြင့် ယောကျ်ားက တံခါးကို ဖွင့်ပေးသည်။ မျက်နှာဖုံးစွပ်ထားသောလူက အသံဆိုးကြီးနှင့် ပြောသည်။

"ကျုပ်ဟာ နာမည်ကြီး လူသတ်သမား၊ မိန်းမတွေကို လိုက်ပြီး လည်မြိုကို ညှစ်သတ်တဲ့လူ"

ယောကျ်ားဖြစ်သူက နောက်ပြန်လှည့်ပြီး လှမ်းအော်ပြောလိုက်သည်။

"မိန်းမရေ... မင်းဆီကိုလာတာဟေ့"

## တစ်အိမ်လုံးသောက်

"ဒေါက်တာ၊ မနေ့က ကျွန်မရဲ့ကလေးအတွက် ဆရာပေးလိုက်တဲ့ဆေးမျိုး နောက်တစ်ပုလင်း ပေးပါဦးလားရှင်"

"တစ်ရက်တည်းနဲ့ ဆေးတစ်ပုလင်းလုံး ကုန်သွားပြီလား၊ မဖြစ်နိုင်တာပဲ"

"ဒီလိုပါဆရာ၊ ကလေးရဲ့ပါးစပ်ထဲ ဆေးတစ်ဇွန်းရောက်ဖို့အရေး ကျွန်မတို့အိမ်သားအားလုံး အင်မတန်အရသာရှိတဲ့ ပုံစံမျိုးနဲ့ ဆေးရည်ကို သောက်ပြကြရလို့ပါ"





## အသံတိတ်ညှပ်

အလွန်စကားများသော ဆံသဆရာ၏ ဆံပင်ညှပ်ဆိုင်တွင် ဖြစ်ပါသည်။

ဆံသဆရာ ။ ။ “ဘယ်လိုဆံပင်ပုံစံမျိုး... ညှပ်ပေးစေချင်ပါသလဲ မိတ်ဆွေကြီး”

ဖောက်သည် ။ ။ “လုံးဝ စကားမပြောဘဲ...အသံတိတ်ညှပ်ပေးဗျာ”

ဆံသဆရာ ။ ။ “ဗျာ”

## စိန်ပါလား

စိန်တိုက်ကြီးထဲသို့ စုံတွဲတစ်တွဲဝင်လာပြီး မိန်းကလေးက စိန်နားကပ်ကို ခေတ္တပန်ကြည့်ကာ...

"ဒီစိန်နားကပ်ကို ပန်လိုက်တဲ့အခါ... ချစ်လေးအသက် (၁၀) နှစ်လောက် ငယ်သွားတယ်လို့ မထင်ရဘူးလားဟင်"

"ချစ်လေးအသက်... ဘယ်လောက်လဲ"

"စိန်နားကပ်နဲ့လား၊ စိန်နားကပ် မပါဘဲနဲ့လား"

"ဗျာ"





ဒုံးဝေးပဲ့

"ငါ့အစ်ကိုတော့...တော်တော်ကံကောင်းတယ်ကွာ၊ မြို့ပေါ်က နာမည်အကြီးဆုံးဆရာမနဲ့ ညားသွားပြီကွ"

"ဒါဆိုရောဂါဖြစ်ရင် ကုသဖို့အတွက် ဟန်ကျပြီပေါ့"

"ငါ့အစ်ကိုက ရောဂါကုချင်လို့ ဆရာဝန်မကို ယူတာမှ မဟုတ်ဘဲ"



## လိုင်စင်မလို

အမျိုးသမီး ဒရိုင်ဘာများသည် ကားပါကင်ထိုးရာတွင် အလွန်မှ နာမည်ဆိုး ထွက်လေ့ရှိ၏။ ယခုလည်း ကားရပ်နားရန် စခန်းတစ်ခုတွင် အမျိုးသမီးတစ်ယောက် ပါကင်နေရာမှ ထွက်ရန် ကြိုးစားစဉ် ပထမသူ့ရှေ့မှ ကားကိုဝင်ဆောင့်၏။ ရှေ့ကားကို ဝင်ဆောင့်၍ နောက်ဆုတ်လိုက်ရာ နောက်ကားနှင့်ဝင်ဆောင့်ပြီး နောက်ကား ရှေ့မီးလုံးများ ကွဲကုန်သည်။ ပြီးမှ ယိမ်းထိုးပြီး လမ်းမပေါ်သို့တက်လာရာ လမ်းပေါ်၌ ရပ်ထားသောကားကို ထပ်တိုက်သည်။ ထိုအမျိုးသမီးကားပါကင်မှ ထွက်လာသော နေရာသို့ ယာဉ်ထိန်းရဲရောက်လာပြီး အမျိုးသမီးကားကို ရပ်ခိုင်းကာ…

ယာဉ်ထိန်း ။ ။ "လိုင်စင်ပေးပါခင်ဗျာ"

အမျိုးသမီး ။ ။ "ဘာလိုင်စင်လဲ၊ ရှင်လည်း အတွေ့ပဲလေ၊ ကျွန်မလို လူမျိုးကို ဘယ်သူက လိုင်စင်ထုတ်ပေးမှာလဲ"

## မယူသွားပါနဲ့

ဈေးဝယ်သူက အံ့ဩစွာ မေးသည်။

"ရှင့်ကိုကျွန်မ ပိုက်ဆံပေးလိုက်တာက ခြောက်လုံးဖိုး၊ အခု ရှင်ထည့်ပေးလိုက်တော့ ငါးလုံးတည်းပါလား"

"ဒီလိုပါခင်ဗျာ၊ ခြောက်လုံးမြောက် လိမ္မော်သီးဟာ ကြေမွပြီး ပုပ်စပြုနေပါပြီ၊ အစ်မကြီးကိုယ်တိုင် လွှင့်ပစ်မှာသေချာလို့ပါ"



## ဟယ်

အမျိုးသမီးငယ်တစ်ဦး မော်တော်ကားကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာသည်။ ဘေးတွင် ထိုင်နေသော သူငယ်ချင်းမက ပြောသည်။

"ယူ့အရှိန်ကို နည်းနည်းလျှော့လိုက်လို့ မရဘူးလား၊ အိုင့် မျက်လုံးတွေ ဝေကုန်ပြီ"

"အိုင်လုပ်သလို လိုက်လုပ်လေ"

"ဘာလုပ်ရမှာလဲ"

"မျက်စိကို ပိတ်ထားလိုက်"





စောင့်မယ်လေ

"ဟော့… သီချင်းမဆိုစမ်းနဲ့ကွာ၊ ငါအိပ်လို့မရဘူး"

"ကောင်းပါပြီတော်၊ ရှင်အိပ်ပျော်တဲ့အထိ ကျွန်မစောင့်ပါ့မယ်"

# ထင်လို့ပါ

ကုန်သည်ကြီးတစ်ယောက် ညဘက်တွင် သုံးဖြုန်းပျော်မြူး နေကျ ဟိုတယ်သို့ ဇနီးနှင့်အတူ မိုးလင်းစာလာစားသည်။

သူက ကီတ်မုန့်ခြောက်တစ်ပွဲမှာ၍ စားပွဲထိုးမကလေးက လာချပေးသောအခါ...

"ဟန်နီကော"

"အို၊ သူ မနေ့ကပဲ အလုပ်ပြောင်းသွားပါပြီရှင်"

(ဟန်နီဆိုသည်မှာ ပျားရည် သို့မဟုတ် အချစ်ကလေးဟု အဓိပ္ပာယ်နှစ်မျိုး ထွက်ပါသည်။)

သူဌေးကြီးက ပျားရည်တောင်းသည်ကို စားပွဲထိုးမကလေး က အဆက်ဟောင်းအချစ်ကလေးကို မေးသည်အထင်ဖြင့် ဖြေ လိုက်ခြင်း ဖြစ်ပါသည်။



## စီးပွားရေးလေ

တီးဝိုင်းနှင့်တွဲထားသည့် စားသောက်ဆိုင်၌ လူနှစ်ယောက် စကားပြောနေကြသည်။

"အသံမကောင်းတဲ့ အဆိုတော်ကို ဘာကြောင့် ဆိုင်ကခန့်ထားရတာလဲ မသိပါဘူးကွာ၊ သူ့အသံကြားရရင်... အမူးကိုပြေရော"

"အဲဒီ... အချက်ပေါ့"

"ဘယ်လို"

"ငါတို့အမူးပြေမှ... အရက် ပိုရောင်းရမှာကိုး"

"ဟုတ်ပါ့"





## မှန်ပါတယ်

“ကျွန်တော်ရှေ့မှာ ခင်ဗျားကို ခင်ဗျားမိန်းမက နွားလို့ခေါ် လိုက်တာကြားရတော့ အနေရ၊ အထိုင်ရ တော်တော်ခက်သွား တယ်ဗျာ”

“သူပြောတာအမှန်ပဲလေ၊ နွားဖြစ်လို့သာ သူ့ကို ကျွပ်ယူ လိုက်တာပေါ့ဗျ”

ဟင်

မိန်းမနှစ်ယောက် ဆုံကြသည်။
"ဟဲလို... ဒေစီ... ဘယ်ကပြန်လာတာလဲ"
"အလှပြင်ဆိုင်က"
"ဘာလဲ၊ ဆိုင်ပိတ်ထားသလားဟင်"





## အံ့ပါ

ပင်မင်းဆိုင်တွင်... လူငယ်တစ်ယောက် ဒေါသထွက်နေသည်။

"ကျွန်တော်အပ်ထားတဲ့ဘောင်းဘီက... ပျောက်သွားရုံမကဘူး၊ လျှော်ခပေးဖို့ ကျွန်တော့်ကို တောင်းနေသေးတယ်၊ ဘယ်လိုလဲဗျာ"

"ပျောက်တဲ့အချိန်မှာ... ခင်ဗျားဘောင်းဘီက လျှော်ပြီးသား၊ ဆေးဆိုးပြီးသား ဖြစ်နေလို့ပါခင်ဗျာ"

"အံ့ရောဗျာ"

## ကြိုသွင်းရမလား

တက္ကသိုလ်ပထမနှစ်သို့ စတင် တက်ရောက်လာသော ကျောင်းသားသစ်များကို စည်းကမ်းထိန်းသိမ်းရေး ဆရာတစ်ဦးက သတိပေးစကား ပြောကြားသည်။

ဆရာ ။ ။ "ကျောင်းသားများ အထူးလိုက်နာရမယ့် စည်းကမ်း ရှိတယ်"

ကျောင်းသားများ ။ ။ "ဟုတ်ကဲ့"

ဆရာ ။ ။ "ကျောင်းသူများအတွက် သီးသန့် သတ်မှတ်ထားတဲ့ နေရာတွေကို မသွားရဘူး"

ကျောင်းသားများ ။ ။ "ဟုတ်ကဲ့"

ဆရာ ။ ။ "ပထမအကြိမ် စည်းကမ်းဖောက်ဖျက်ရင် ဒဏ်ငွေ ဒေါ်လာ(၂၀) ပေးဆောင်ရမယ်"

ကျောင်းသားများ ။ ။ "ဟုတ်ကဲ့"

ဆရာ ။ ။ "ဒုတိယအကြိမ် စည်းကမ်းဖောက်ဖျက်ရင် ဒဏ်ငွေ ဒေါ်လာ (၆၀) ပေးဆောင်ရမယ်"

ကျောင်းသားများ ။ ။ "ဟုတ်ကဲ့"

ဆရာ ။ ။ "တတိယအကြိမ် စည်းကမ်းဖောက်ဖျက်ရင် ဒဏ်ငွေ ဒေါ်လာ (၁၈၀)ပေးဆောင်ရမယ်"

ကျောင်းသားများ ။ ။ "ဟုတ်ကဲ့"

ထိုအခါ ကျောင်းသားတစ်ဦးက ရုတ်တရက် ထရပ်ပြီးမေးလေသည်။

ကျောင်းသား ။ ။ "တစ်နှစ်လုံးအတွက် ကြိုတင်ငွေ ပေးသွင်းထားလို့ ရမလား ဆရာ"

ဆရာ ။ ။ "ဟေ"





မီတာလေ

အားလပ်ရက်၌ ဇနီးမောင်နှံနှစ်ဦး အပျင်းပြေ စကားထာ ဝှက်နေကြသည်ကား...

"ဘယ်သူလာလာ၊ မလာလာလာ၊ သူက တစ်လ တစ်ခါ လာတဲ့ မှန်အောင်ဖြေ"

"လွယ်လွယ်လေး၊ မင်းတို့မိန်းမတွေရဲ့ လစဉ်ကျွန်းမာရေး ကို ပြောတာ"

"မှားတယ်၊ မီတာဖတ်တဲ့သူ"

"ဟိုက်"

## သေသွားကြလို့ပါ

စားသောက်ဆိုင်အတွင်းသို့ ဝင်လာသူ အမျိုးသားတစ်ဦးကို မိတ်ဆွေတစ်ဦးက လှမ်းခေါ်ကာ အစားအစာများ ကျွေးမွေးလေ၏။ အမျိုးသားက စားသောက်ပြီးနောက် မျက်ရည်များကျကာ ငိုနေသဖြင့် ကျွေးမွေးသူမိတ်ဆွေက မေးမြန်းလေသည်။

မိတ်ဆွေ ။ ။"ဘာဖြစ်လို့ငိုနေတာလဲဗျာ"

အမျိုးသား ။ ။"စိတ်ထဲမကောင်းလွန်းလို့ပါ"

မိတ်ဆွေ ။ ။"ဘာတွေဖြစ်ခဲ့လို့လဲ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

အမျိုးသား ။ ။"မပြောပါရစေနဲ့ဗျာ"

မိတ်ဆွေ ။ ။"ပြောစမ်းပါ၊ ကျွန်တော် ဘာကူညီရမလဲ"

အမျိုးသား ။ ။"အရင်က မိတ်ဆွေဟောင်းတွေကို သတိရလွန်းလို့ပါ"

မိတ်ဆွေ ။ ။"ဘယ်သူတွေလဲဗျ"

အမျိုးသား ။ ။"လွန်ခဲ့တဲ့နှစ်နှစ်က ဒီဆိုင်မှာ ဒီလိုနေ့မှမိတ်ဆွေ အမျိုးသမီးတစ်ဦးက အခုလိုအစားအစာတွေ ကျွေးဖူးတယ်၊ အဲဒီလိုပဲ ပြီးခဲ့တဲ့နှစ်က မိတ်ဆွေတစ်ဦးက ဒီဆိုင်မှာ ဒီနေ့လိုမှာ အခုလို အစားအစားတွေ ကျွေးခဲ့ဖူးတယ်"

မိတ်ဆွေ ။ ။"အဲဒီတော့ဘာဖြစ်လဲ၊ ကောင်းတာပေါ့"

အမျိုးသား ။ ။အတန်ကြာငြိမ်သက်နေပြီး ထိုင်ရာမှဖြည်းညှင်းစွာထပြီး ပြောလိုက်သည်မှာ"သူတို့နှစ်ဦးစလုံး နောက်နေ့တွေမှာ တိုက်တိုက်ဆိုင်ဆိုင် သေသွားခဲ့ကြလို့ပါ"

မိတ်ဆွေ ။ ။"ဗျာ"





## ဟုတ်ပ

ကွဲကွာနေသောသူငယ်ချင်းနှစ်ဦး ပြန်တွေ့ကြရာဝယ်...

"မင်း အိမ်ထောင်ကျပလားကွ"

"မကျသေးဘူး၊ ဒါနဲ့မင်းကော"

"အမှန်တိုင်းပြောရရင် အိမ်ထောင်သုံးဆက်ရှိပြီ သူငယ်ချင်းရာ"

"ငယ်ငယ်က သူငယ်ချင်းတွေထဲမှာ မင်းအရိုးဆုံး၊ အအဆုံးပဲဟာ ဘယ်လိုဖြစ်တာလဲကွ"

"ရိုးလွန်း၊ အလွန်းလို့ပေါ့၊ မင်းတို့လိုလည်ရင် အခုထိအိမ်ထောင်မပြုပါဘူးကွာ"

"ဟိုက်"

# ရှင့်ကို

ခင်ပွန်းဖြစ်သူက ဇနီးကို ပြောလိုက်၏။ "ငါ ဒီနေ့သိပ်ပြီး စိတ်မခတ်ကျတာပဲကွာ"

ဇနီး ။ ။ "ဘာဖြစ်လို့လဲ ချစ်ချစ်ရယ်"

ခင်ပွန်း ။ ။ "တစ်ခါတလေ ငါ့စိတ်ထဲမှာ ငါတစ်ယောက်တည်း အထီးကျန်ပြီး အသုံးမကျသလို ခံစားနေရတဲ့ကိစ္စပါကွာ"

ဇနီး ။ ။ "အို၊ ရှင်တစ်ယောက်တည်းပဲလို့ တွေးနေစရာမလိုပါဘူး၊ လူတော်တော်များများ ရှင့်ကို အသုံးမကျဘူးလို့ ထင်နေကြတာပါ"





## ဆင်ခြေက

လူတစ်ယောက်သည် အသည်းအသန် နေမကောင်းဖြစ်နေ၏။ သူက (သတင်းလာမေးသည့်) ညှို့သည်ကို မေးလိုက်၏။ “ကျုပ်ကတော့ သေခါနီးနေပြီ၊ ငရဲမှာ ဘယ်လိုနေကြထိုင်ကြသလဲ မသိဘူး” ညှို့သည်က ပြောလိုက်သည်။ “သိပ်နေလို့ထိုင်လို့ ကောင်းမှာပါ” အံ့အားသင့်သွားသော လူနာက မေးလိုက်၏။ “ခင်ဗျားက ဘယ်လိုလုပ်ပြီးသိသလဲ” ညှို့သည်က ပြန်ဖြေ၏။ “တကယ်လို့ ငရဲမှာ နေရထိုင်ရတာ သိပ်ဆိုးရွားနေတယ်ဆိုရင် သေသွားတဲ့လူတွေ အားလုံး ကမ္ဘာမြေပေါ်ကို ပြန်ရောက်လာကြမှာပေါ့၊ ဒါပေမဲ့ ခုထက်ထိတော့ ကျုပ်တို့က လူတွေသွားတာကိုပဲ တွေ့နေရတယ်၊ တစ်ယောက်မှ ပြန်မလာကြဘူး၊ ဒီကိစ္စက သေပြီးတဲ့နောက်ဘဝဟာ ကောင်းတယ်ဆိုတာကို သက်သေပြနေတာ မဟုတ်ဘူးလား”

## နေမင်းလိုလူ

အိမ်ထောင်ရှင် အမျိုးသမီးနှစ်ဦး ပြောသည့်စကားသည်ကား...

"ကျွန်မယောကျ်ားက ကျွန်မအပေါ် သစ္စာသိပ်မဲ့တာပဲ"

"ဘယ်လိုသစ္စာမဲ့တာလဲ"

"ဥပမာနှိုင်းပြောရရင် ကျွန်မအပေါ် နေမင်းလို ဆက်ဆံပေါင်းသင်းတာရှင့်"

"နေမင်းဆိုတာ နွေးထွေးသစ္စာတရားကို ကိုယ်စားပြုတာလေ၊ ရှင် သိပ်ကံကောင်းတာပေါ့"

"ရှင့်အမီပွာယ်ဖွင့်တာ လွဲနေပြီ၊ ကျွန်မပြောချင်တာက နေ့မှာ ပေါ်လာပြီး၊ ညဆို အကြောင်းပြချက် အမျိုးမျိုးနဲ့ ပျောက်သွားတတ်လို့"

"ဟိုက်"





## ညသွားလေ

အရာရာ စူးစမ်းတတ်သော သားက ဖခင်ဖြစ်သူအား...

"လကမ္ဘာကိုတော့ လူသွားကြတယ်၊ နေကမ္ဘာကျတော့၊ ဘာလို့မသွားတာလဲ ဖေဖေ"

"နေဆီသွားတော့ အပူလောင်သွားမှာပေါ့ သားရဲ့"

"လွယ်ပါတယ် ဖေဖေ၊ အပူမလောင်အောင် ညဘက်သွားပေါ့"

"ဟေ"

## နဂိုအတိုင်းပဲထားပါ

အသက်(၅၅)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဆရာဝန်ထံ ရောက်ရှိလာပြီး အောက်ပါအတိုင်း အကူအညီတောင်းလေသည်။

အမျိုးသား ။ ။ "ကျွန်တော် နားနှစ်ဖက်စလုံး ဘာမှမကြားရဘူး"

ဒေါက်တာ ။ ။ စမ်းသပ်ပြီးနောက် "ကဲ နားနှစ်ဖက်စလုံး ပုံမှန်အတိုင်းပြန်ကြားနိုင်အောင် ဆေးထည့်ပေးလိုက်မယ်၊ ချက်ချင်းပြန်ကောင်းသွားမှာပါ" ဟုပြောကာ ဆေးထည့်ပေးသည်။

အမျိုးသား ။ ။ "ဟာ... အသံတွေ ပြန်ကြားရပြီ၊ ဝမ်းသာလိုက်တာ ဒေါက်တာရယ်" ဟု ပြောပြီး အိမ်ပြန်သွားလေသည်။ တစ်လခန့်ကြာသော် ဆရာဝန်ထံ ပြန်ရောက်လာပြန်ရာ...

အမျိုးသား ။ ။ "ဒေါက်တာ... ကျွန်တော့်နားတွေ အရင်လို ပြန်မကြားနိုင်အောင် ပြုလုပ်ပေးပါ"

ဒေါက်တာ ။ ။ "ဘာဖြစ်လို့လဲ... အကောင်းကို အဆိုး မလုပ်ပါနဲ့ဗျာ"

အမျိုးသား ။ ။ "နားတွေ ပြန်ကြားတဲ့နေ့ကစပြီး ကျွန်တော့်ဇနီးက နေ့တိုင်း နားပူနားဆာလုပ်တဲ့အသံကို မခံစားနိုင်တော့လို့ပါ"

ဒေါက်တာ ။ ။ "ဗျာ"





## ချစ်လိုက်ပုံက

အပျိုဟိုင်းကြီး၏ ရယ်ရွှင်ဖွယ်ရာအဖြစ်ကား...

"ဟဲ့...နင့်လက်ရာမှာလည်း ခြစ်ရာကြီးနဲ့ ဘယ်လိုဖြစ်လာတာလဲ"

"ရထားစီးရင်းပေါ့၊ ငါ့နောက်ကနေ ဘေးဖယ်...ဘေးဖယ် ချစ်မိရင် တာဝန်မယူဘူး ပြောသံကြားလို့"

"အဲဒီတော့...ချစ်မယ့်အသံကြားတာနဲ့ နင့်စိတ်ဝင်စားသွားတယ်မို့လား"

"နည်းနည်းပါးပါးဟာ... အဲဒါနဲ့ငါလည်း စပ်စုချင်တာနဲ့ ဖယ်မပေးဘဲနေတာ ချစ်တော့အချစ်ခံရပါရဲ့... ဒူးရင်းသီးခြင်းကြီးနဲ့ အခြစ်ခံရတာ"

"ဟိုက်"(နည်းတောင်နည်းသေးတယ်)

## ဘာ ဘာ

ခင်ပွန်းဖြစ်သူ အလုပ်မှအိမ်ပြန်ရောက်ချိန်၌ ဇနီးက ပြတင်းပေါက်မှရပ်ကာ ငေးမောလျက်ရှိနေသဖြင့် အောက်ပါအတိုင်းမေးမြန်းလေသည်။

ခင်ပွန်း ။ ။ "ဘာတွေများ တွေးနေရတာလဲ"

ဇနီး ။ ။ "ဘာမှမဟုတ်ပါဘူး"

ခင်ပွန်း ။ ။ "စိတ်ညစ်စရာများ ရှိလို့လား"

ဇနီး ။ ။ "မရှိပါဘူး"

ခင်ပွန်း ။ ။ "ဒါဆို... ကိုယ့်အကြောင်း တွေးနေတာလား"

ဇနီး ။ ။ "အင်း"

ခင်ပွန်း ။ ။ "ဘာတွေများလဲ၊ ပြောစမ်းပါဦး"

ဇနီး ။ ။ "ဟိုဟိုဒီဒီနဲ့ သေသေချာချာလည်း မဟုတ်ပါဘူး"

ခင်ပွန်း ။ ။ "ဘာမှတွေးမနေနဲ့၊ ကိုယ်လိုခင်ပွန်းမျိုး လောကကြီးမှာ နှစ်ယောက်မရှိနိုင်ဘူး"

ဇနီး ။ ။ "ဪ"

ခင်ပွန်း ။ ။ "အဲဒီတော့ စိတ်ကူးလည်း မယဉ်နဲ့၊ လိုက်လည်း မရှာနဲ့"

ဇနီး ။ ။ "ဟုတ်တော့ ဟုတ်ပါတယ်၊ ရှင့်လိုခင်ပွန်းမျိုးရှားပါတယ်၊ ဒါပေမဲ့ ရှင့်ထက်သာတဲ့ ခင်ပွန်းသည်တွေလည်း အများကြီးရှိတယ်နော်"

ခင်ပွန်း ။ ။ "ဘာကွ"





## ဆယ်ကြိမ်တဲ့

"ကျွန်မ ဆရာပေးတဲ့ပိန်ဆေးကို သောက်နေတာ (၂)လရှိပြီ၊ ခုနလည်း မပိန်ပါလားရှင်"

"တစ်နေ့ကို ခင်ဗျား ဘယ်နှစ်ကြိမ်သောက်သလဲ"

"ဆယ်ကြိမ်၊ ထမင်းစားပြီးတိုင်း တစ်ခါသောက်လို့ ဆရာပြောတဲ့အတိုင်းပဲလေ"

# သိမယ်

စာရေးဆရာကြီး၏ ကတော်တစ်ဦး ဂျာနယ်တစ်စောင်မှ ဗေဒင်ဟောစာတမ်းကို ဖတ်ရင်း...

"ဒီဗေဒင်ဆရာ သိပ်မှန်တာပဲ"

"ဘာဖြစ်လို့လဲကွ"

"သူ့ဟောချက်တွေနဲ့ ကျွန်မအဖြစ်တွေက ကွက်တိပဲ၊ ကဲ... ဆုံးအောင် ဆက်ဖတ်လိုက်ဦးမယ်"

ဗေဒင်ဟောစာတမ်းကို ဖတ်ပြီးသကာလ ဇနီးသည်၏ဒေါသကြောင့် အဝေးသို့ အမြန်ဆုံးပြေးရှောင်လိုက်ရသော စာရေးဆရာကြီး၏အဖြစ်ကား...

"ဪ... လက်စသတ်တော့ ရှင်ရေးတာကိုး၊ ဒါ့ကြောင့် ကွက်တိမှန်တာ၊ သိကြရောပေါ့"



## မေမေပါ

ဆံပင်တိုနဲ့ ဂျင်းဘောင်းဘီရှည် ဝတ်ထားတဲ့လူငယ်ကလေး ကိုမြင်ပြီး လူတစ်ယောက်က သူနဲ့ပါလာတဲ့ လူကြီးတစ်ယောက် ကို မေးပါတယ်။


“အဲဒါ ယောကျ်ားလေးလား”

“ဘယ်ကလာ၊ အဲဒါ မိန်းကလေး၊ ကျုပ်သမီး”

“သြော်... ဒါဆို ကလေးမရဲ့အဖေက ခင်ဗျားကိုး”

“ဘာတွေပြောနေတာလဲ၊ ကျုပ်က သူ့အမေရှင့်”





## ဘာမှပူပါနဲ့

သမ္မတကြီးရဲ့ အကူတစ်ဦးမေးတယ်။

"သမ္မတကြီးခင်ဗျား၊ ကျွန်တော့်သားကို အိမ်ဖြူတော်မှာ အလုပ်တစ်နေရာ ပေးနိုင်မလား"

"ခင်ဗျားသားက အခု ဘာလုပ်နေသလဲ"

"သူ ဘာအလုပ်မှ မလုပ်ပါဘူး၊ ခင်ဗျာ" လို့သူက ပြန်ဖြေတယ်။

သမ္မတကြီးက အခုလိုပြန်ပြောပါတယ်။

"အင်း၊ အဲဒါပိုကောင်းတယ်၊ ကျုပ်တို့သူ့ကို ဘာမှလေ့ကျင့်ပေးစရာ မလိုတော့ဘူးပေါ့ဗျာ"

## ခဏလေးပါ

ဆံပင်ညှိမလေးက ဒဲလ်တာလေကြောင်းလိုင်းကို ဖုန်းဆက်စုံစမ်းတယ်။

"ကျေးဇူးပြုပြီးရှင် ဆန်ဖရန်စစ္စကိုကနေ နယူးယောက်ကို လေယာဉ်ပျံသန်းချိန် ဘယ်လောက်ကြာမလဲရှင်"

တစ်ဖက်မှလေကြောင်းလိုင်းက စာရေးက အလုပ်သိပ်များတယ်၊ အခြားတစ်ဦးနဲ့ ဖုန်းပြောနေတယ်၊ အဲဒါကြောင့် "ခဏလေးပါခင်ဗျာ" လို့ ပြောလိုက်တယ်။

"အခုလိုသိရတာ ကျေးဇူးတင်ပါတယ်ရှင်" လို့ ဆံညှိမလေးက သဘောကျသွားပြီး ဖုန်းချလိုက်ပါတယ်။





အဖော်က

အသက်(၈၀)အရွယ် အဘိုးကြီးက ဂေါက်ကစားနေတယ်။ ခက်တာက သူ့မျက်စိမကောင်းတော့ဘူး၊ ဂေါက်သီးကို ထိအောင် ရိုက်နိုင်ပေမယ့်၊ အဲဒီဂေါက်သီး ဘယ်ကိုကျသွားတယ်ဆိုတာ သူ မမြင်ရဘူး၊ အဲဒါကြောင့် သူ့ဆရာဝန်က သူ့အတွက် ဂေါက်သီးရောက်ရာ ကြည့်ပေးနိုင်မယ့် အဖော်တစ်ဦးကို ရှာပေးပါတယ်၊ အဲဒီအဖော်က အသက် (၉၀)ရှိပါပြီ၊ ဒါပေမဲ့ မျက်စိက တော့ အံ့အားသင့်စရာကို ကောင်းနေတုန်းပါ။

အဲဒီလိုနဲ့ ဂေါက်သီးကစားပါတယ်။ အဘိုးကြီးက ဂေါက်သီးကို လွှဲရိုက်လိုက်တယ်။ ပြီးတော့ သူ့ အဖော်ကိုမေးတယ်။

"ဂေါက်သီး ဘယ်မှာကျသွားသလဲ"

အဖော်အဘိုးကြီးက ပြန်ဖြေပါတယ်။

"ကျုပ် မမှတ်မိတော့ဘူးဗျာ"

## စမတ်အကျဆုံးလူ

လေယာဉ်ပျံတစ်စင်းပေါ်မှာ ဟီလာရီကလင်တန်ရယ်၊ ဂျော့ဒဗလျူဘုရှ်ရယ်၊ ပြင်သစ်သမ္မတ ဆာကိုဇီရယ်၊ ပြီးတော့ခရစ်ယာန်ဘုန်းကြီး တစ်ပါးရယ်၊ ချာတိတ်လေး တစ်ယောက်ရယ် ပါလာပါတယ်။ အဲဒီအချိန်မှာ လေယာဉ်ပျံက စက်ချွတ်ယွင်းပြီး ပျက်ကျမလို ဖြစ်တယ်။ လေထီးက လေးလုံးပဲပါတယ်။ ဘယ်သူအရင်ခုန်ဆင်းမလဲ။ ဟီလာရီက သူက "မိန်းမသားမို့အရင်ဆုံးဆင်းပါရစေ" ဆိုပြီး လေထီးတစ်လုံးဖွင့်ပြီး ဆင်းသွားတယ်။

အဲဒီနောက် ဂျော့ဒဗလျူဘုရှ်က...

"ကျုပ်က ကမ္ဘာ့ပေါ်မှာ စမတ်အဖြစ်ဆုံးလူဗျ၊ လူတိုင်းက ကျုပ်ကို လိုအပ်တယ်၊ ကျုပ်ဆင်းပြီဗျာ" ဆိုပြီးခုန်ဆင်းသွားတယ်။ အဲဒီနောက် ဆာကိုဇီကလည်း ပြင်သစ်လို ဘာတွေပြောမှန်းမသိ ပြောပြီး လေထီးယူဆင်းသွားပြန်ရာ၊ ဘုန်းတော်ကြီးနဲ့ ချာတိတ်ကလေးပဲ ကျန်တော့တယ်။

"သားရယ်…ကျန်တဲ့လေထီးတစ်လုံးယူပြီး မင်းပဲ ဆင်းပါတော့၊ ဘဘုန်း သေရဲပါတယ်ကွယ်"ဆိုပြီးကလေးကို ပြောတယ်၊ ကလေးက "ဘုန်းဘုန်း ဘာတွေပြောနေတာလဲ၊ တပည့်တော်တို့ နှစ်ယောက်စလုံး တစ်ပြိုင်တည်း ခုန်ဆင်းလို့ရပါတယ်"လို့ပြန်ပြောတယ်။ ဘုန်းကြီးက နားမလည်ဘူးဖြစ်သွားတယ်။ ချာတိတ်က ရှင်းပြပါတယ်။

"လေထီးနှစ်လုံး ကျန်ပါသေးတယ်၊ ဟိုစမတ် သိပ်ကျတယ်ဆိုတဲ့ဘုရှ်က သားရဲ့ကျောင်းလွယ် ကျောပိုးအိတ်ကို လေထီးထင်ပြီး ယူချသွားတာလေ"





ခေါ်ရပုံက

အိမ်ရှင် ။ ။ "ဟဲ့ ကောင်မလေး၊ အိမ်မှာ ဧည့်သည်တွေ ရှိနေရင် နင့်ကိုငါ "အတ်စတာ" လို့ခေါ်မယ်၊ မှတ်ထား"

အိမ်ဖော် ။ ။ "ဟုတ်ကဲ့ မမကြီး၊ ဒါထက် အိမ်မှာဧည့်သည်ရှိနေရင် ကျွန်မကရော မမကြီးကို ဘယ်လိုခေါ်ရမှာလဲ"

အိမ်ရှင်အမျိုးသမီး။ ။ "ဟယ်... ခွေးမ"

အိမ်ဖော် ။ ။ "ကောင်းပါပြီ မမကြီး"

## ဘာမှမသိပါ

လူငယ်တစ်ယောက်က သူ့ချစ်သူကို အိမ်သို့ခေါ်လာခဲ့သည်။ သူငယ်မအား လူငယ်၏ဖခင်က မြင်လိုက်သည့်အခါ အလွန်တုန်လှုပ်သွား၏။ စိတ်ရှုပ်သွား၏။ ထို့ကြောင့် သူ့သားကို အခန်းထဲခေါ်သွားပြီး တီးတိုးပြောသည်။

"ဒီလောက် အရုပ်ဆိုးတဲ့ မိန်းကလေးကို ဖေဖေ တစ်ခါမှ မမြင်ဖူးဘူး၊ မေးစေ့မှာ အမွေးတွေနဲ့၊ မျက်စိကလည်း စွေနေသေးတယ်၊ သွားကလည်း ခေါခေါ၊ လက်တစ်ဖက်က သိမ်နေလိုက်သေးရဲ့"

သည်တော့ သားက...

"ဖေဖေ တိုးတိုးပြောစရာမလိုပါဘူး၊ သူက နားလည်းလေးနေသေးတယ် ဖေဖေရဲ့၊ သနားစရာလေးပါဗျာ"





## ယူပါတဲ့

လူတစ်ယောက်က သတင်းစာထဲမှာ ကြော်ငြာထည့်ပါတယ်။

"မိန်းမ အလိုရှိသည်"

ကြော်ငြာပါပြီး နောက်တစ်ရက်မှာပဲ သူ့ဆီကို စာတွေ ရာပေါင်းများစွာ ရောက်လာပါတယ်။ ယောကျ်ားတွေဆီကပါ၊ လူအမျိုးမျိုးဆီကဖြစ်ပေမယ့် စာတိုင်းမှာ ဒီစာတစ်ကြောင်းတော့ အားလုံး တူနေကြတယ်။

"ကျုပ်မိန်းမကို ခင်ဗျားယူနိုင်ပါတယ်"

# ဒီဆေးပဲ

တစ်ခါက လူနာတစ်ဦး နေမကောင်း၍ ဆေးခန်းသွားပြသည်။ ဆရာဝန် ရောက်မလာသေး၍ စာရေးမတစ်ဦးနှင့် တွေ့သောအခါ...

စာရေးမ ။ ။ "ဘာဖြစ်ပါသလဲရှင်"

လူနာ ။ ။ "ဗိုက်အောင့်နေတာပါ"

စာရေးမ ။ ။ "ဒါဆို ခဏစောင့်လိုက်ဦးနော်၊ ဆရာဝန်လာပါတော့မယ်"

လူနာ ။ ။ "ဆရာဝန်စောင့်ရတာ နှစ်နာရီတောင်ရှိသွားပြီ၊ မစောင့်နိုင်တော့ဘူး"

စာရေးမ ။ ။ "ဒါဆိုလဲ ဒီဆေးလုံးထပ်ယူသွားပါ၊ ဆရာဝန်နဲ့တွေ့လည်း ဒီဆေးပဲပေးမှာမို့လိုပါ"

လူနာ ။ ။ "ဗျာ"



## မဖြေလို့

အသက် (၁၀၄) နှစ်ရှိပြီဖြစ်သော အဘွားအိုထံ သတင်းထောက်တစ်ဦးရောက်ရှိလာပြီး အသက်ရှည်ရခြင်းနှင့် ပတ်သက်ပြီး မေးမြန်းစေ့ငုလေသည်။

သတင်းထောက် ။ ။ "အဘွားခင်ဗျား၊ မေးခွန်းနည်းနည်းလောက် မေးခွင့်ပြုပါခင်ဗျာ"

အဘွားအို ။ ။ "..."

သတင်းထောက် ။ ။ "နေ့စဉ် အစားအသောက်တွေကော ဘယ်လို ရွေးချယ် စားသုံးပါသလဲ၊ သိပါရစေ"

အဘွားအို ။ ။ "..."

သတင်းထောက် ။ ။ "နေ့စဉ် ကိုယ်၊ လက်လှုပ်ရှားမှုကိုလည်း ပြောပြပေးပါဦး"

သတင်းထောက် ။ ။ "အဘွားက ကျွန်တော်မေးသမျှ တစ်ခွန်းမှ ပြန်မဖြေဘူးနော်" ဟုစိတ်ပျက်စွာ ညည်းညူလိုက်သည်။

ထိုအခါ အဘွားအိုက...

အဘွားအို ။ ။ "ဘာမေးခွန်းမှ မဖြေခဲ့လို့ အသက်ရှည်နေတာပေ့"

သတင်းထောက် ။ ။ "ဗျာ"



## ကျွန်မအသုံးမကျလို့

ယမကာလုလင် အိမ်သို့ပြန်ရောက်ချိန်တွင် ဇနီးသည်အား ကြံဖန်အပြစ်ရှာ၍...

"မိန်းမ... ငါပြန်လာတာ မသိဘူးလား၊ တံခါးဖွင့်စမ်း"

"အနံ့ရကတည်းက ရှင်မူးလာတာ သိတယ်"

"ကိုယ့်ယောကျာ်းကို ဒီလိုဆက်ဆံရသလား၊ အသုံးမကျ မှန်း ခုမှသိတယ်"

"ကျွန်မအသုံးမကျလို့ ရှင်နဲ့ညားခဲ့တာကော သိလား"

"ဟိုက်"

# အလှူခံတွေက

ခြောက်ထပ်တိုက်ခန်းတွင် ငှားနေသော ဇနီးမောင်နှံအဖြစ်ကား...

"ကျွန်မတို့ နောက်တစ်ခါငှားရင် မြေညီထပ်မှာ ငှားမယ်နော်"

"ဘာဖြစ်လို့လဲကွ၊ အပေါ်ဆုံးထပ်မှာ လင်းလင်းထင်းထင်း နားအေး ပါးအေးရှိသနဲ့"

"မြေညီထပ်ဆိုတော့ ဈေးလေး၊ ဘာလေးရောင်းရတော့ အပိုဝင်ငွေရတာပေါ့"

"ဒါပေမဲ့ မင်းဈေးရောင်းတဲ့အမြတ်နဲ့ အလှူခံထည့်ဖို့ ကာမိအောင်တော့ ရောင်းမှဖြစ်မယ်နော့"

"ဟိုက်"





# ထွက်ပြေးရင်

ဆယ်ကျော်သက်ရွယ် ဒေးဗစ်က သူငယ်ချင်းဖြစ်သူ ဘေဘီ ကို ပြောသည်။

ဒေးဗစ် ။ ။ "တစ်ခါတစ်ခါ ငါတစ်ကယ်ပဲ စိတ်ပူမိတယ် ကွာ၊ ငါ့အဖေက အလုပ်ကိုနှစ်မျိုးလုပ်ရလို့ မနက် (၆)နာရီကနေ ည (၁၀)နာရီအထိ လုပ်ရတယ်၊ ငါ ကောလိပ်ကျောင်းတက်ရင် လိုတာ ဝယ်သုံး နိုင်အောင်လို့ပေါ့ကွာ၊ ငါ့အမေက တစ်နေ့လုံး အိမ်မှာ ငါ့အတွက် ချက်ပြုတ်၊ လျှော်ဖွပ်၊ မီးပူ တိုက်နဲ့ မအားရတဲ့ကြားက ငါနေမကောင်းရင် ပြုစုရသေးတယ်"

ဘေဘီ ။ ။ "ဒီလောက်ကောင်းတဲ့ မိဘရှိတာ ဘာလို့စိတ်ပူ နေရတာလဲ"

ဒေးဗစ် ။ ။ "စိတ်ပူရတာပေါ့၊ သူတို့နှစ်ယောက် ထွက်ပြေး သွားရင် ဘယ့်နှယ့်လုပ်မလဲ"

## စဉ်းစားပေးပါ

လူတစ်ယောက်က သူ့ကားအသစ်အား စမ်းမောင်းကြည့်ရာတွင် မိတ်ဆွေဖြစ်သူကို ဖိတ်ခေါ်ခဲ့သည်။

ပိုင်ရှင် ။ ။ “ကျုပ်ကားကို သေချာကြည့်ပေးစမ်းပါဦး၊ ဘာထူးခြားသေးလဲ”

မိတ်ဆွေ ။ ။ “စက်ဖုံးက အစိမ်းရောင်၊ အမိုးက အဝါ၊ ကားတစ်ဖက်က ခရမ်းရောင်၊ ကားတစ်ဖက်က အပြာရောင်ဆိုတော့၊ တစ်မျိုးကြီးပဲ၊ ပန်းချီဆန်တယ်၊ အနုပညာဆန်တယ်လို့လည်း ပြောလို့မရပြန်ဘူး”

ပိုင်ရှင် ။ ။ “ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကားချင်း တိုက်တဲ့အခါ မတော်တဆ ဖြစ်တဲ့အခါမျိုးမှာ မျက်မြင်သက်သေတွေ တရားရုံးမှာ ဘယ်လိုထွက်ဆိုကြမလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ”



## တောသားလေ

နယူးယောက်မြို့သို့ ဦးတည်ခုတ်မောင်းနေသော ရထား တစ်စင်းပေါ်တွင် သိပ္ပံပညာရှင်တစ်ဦးနှင့် လယ်သမားတစ်ဦးတို့ မိတ်ဆွေဖြစ်ပြီး သိပ္ပံပညာရှင်က မေးလေသည်။

သိပ္ပံပညာရှင် ။ ။ "ကဲ... အပျင်းပြေ အမေးအဖြေ လုပ်ကြ ရအောင်"

လယ်သမား ။ ။ "လုပ်ပါ"

သိပ္ပံပညာရှင် ။ ။ "ကျွန်တော့်မေးခွန်းကို ခင်ဗျား မဖြေနိုင်ရင် တစ်ဒေါ်လာပေးရမယ်... ခင်ဗျားမေးခွန်း ကျွန်တော် မဖြေနိုင်ရင် (၁၀)ဒေါ်လာ ပေး မယ်"

လယ်သမား ။ ။ "ကောင်းပြီလေ"

သိပ္ပံပညာရှင် ။ ။ "ဟောဒီရေခွက်ထဲမှာ အောက်ဆီဂျင် ဘယ် လောက်ပါသလဲ"

လယ်သမား ။ ။ "မသိဘူး၊ ရော့... တစ်ဒေါ်လာ"

သိပ္ပံပညာရှင် ။ ။ "ခင်ဗျားမေးပါ"

လယ်သမား ။ ။ “ခြေနှစ်ဖက်နဲ့ လက်တစ်ဖက်ပါပြီး၊ လေထဲ ပျံသန်းနိုင်တဲ့သတ္တဝါ၊ ပြောပြပါ”

သိပ္ပံပညာရှင်သည် အတန်ကြာစဉ်းစားသော်လည်း အဖြေမရချေ။ နယူးယောက်ဘူတာသို့ ဆိုက်ရောက်လာသည်။

လယ်သမား ။ ။ “ခင်ဗျား မဖြေနိုင်ရင် (၁၀)ဒေါ်လာပေးပါ”

သိပ္ပံပညာရှင် ။ ။ “ရော့… (၁၀)ဒေါ်လာ၊ ဒါထက် အဲဒီသတ္တဝါအမည်က ဘာလဲဗျာ… ကျွန်တော်စဉ်းစားလို့မရဘူး”

လယ်သမား ။ ။ ရထားပေါ်မှဆင်းပြီး ဖြေလိုက်သည်မှာ… “ကျွန်တော်လည်း မသိဘူးလေ”

သိပ္ပံပညာရှင် ။ ။ “ဗျာ”




## တွေ့မှာပါ

ကမ္ဘာ့ပြင်ပအာကာသထဲသို့ ပထမဆုံး ရောက်သောလူသား ဖြစ်သူ ရုရှားလူမျိုး ဂါမန်တီးတော့မ်သည် နိုင်ငံပေါင်းများစွာ လှည့်ပတ်သွားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင်... သူ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာတွင်...

အာကာသသူရဲကောင်း ။ ။"အာကာသထဲမှာ ကျုပ် ရက်ပေါင်းများစွာ နေခဲ့တယ်၊ ကမ္ဘာကို အကြိမ်ပေါင်းများစွာ ပတ်ခဲ့တယ်၊ ဒါပေမဲ့ ကောင်းကင်ပေါ်မှာ ဘုရားသခင်ဆိုတာ တစ်ခါမှ မတွေ့ခဲ့မိဘူးဗျာ"

အိမ်ရှင်နိုင်ငံသားတစ်ဦး ။ ။"ခင်ဗျား၊ အာကာသယာဉ်ထဲကနေ ခြေတစ်လှမ်းစာ လောက်သာထွက်လိုက်ရင် ဘုရားသခင်ကို သေချာပေါက် တွေ့ပါတယ်ဗျာ"



## မယုံဘူးဆို

တရားသူကြီး ။ ။ “ခုနက မင်း ရုံးတော်ရှေ့မှာ ပြောသွားတဲ့ အဖြစ်အပျက်နဲ့ မနေ့က ရုံးတော်ကို တင်ပြတဲ့အဖြစ်အပျက် လုံးဝမတူဘဲ ဘာလို့ကွဲလွဲသွားတာလဲ”

တရားခံ ။ ။ “မနေ့က ကျွန်တော်ပြောတာကို တရားသူကြီးက ယုံမှမယုံဘဲကိုး”

# လိုသေးတယ်

ကုမ္ပဏီဝန်ထမ်းနှစ်ဦး ပြောကြသည်ကား...

"သိပ္ပံပညာရှင်တွေ အရမ်းတော်တာပဲ"

"ဘာဖြစ်လို့လဲကွ"

"အင်တာနက် ဆက်သွယ်ရေးတွေကြောင့် ကမ္ဘာကြီးက ရွာတစ်ရွာလို ဖြစ်သွားပြီလေ"

"ဒါပေမဲ့ တစ်ခုတော့ မတီထွင်နိုင်သေးဘူးကွ"

"ဘာလဲ"

"အလုပ်ခွင်မှာကောင်မလေးတွေ ရည်းစားဆီ ဖုန်းဆက်တာ မီးအောင်မြင်တဲ့နည်း"

"ဟိုက်"





## ဝ လုံးကျန်ခဲ့ရင်

ချစ်သူက လမ်းခွဲသွားသူတစ်ဦး၏ အလွမ်းစာကို သူငယ်ချင်းတစ်ဦးက ဖတ်ပြီးသကာလ...

"ဩော်... မင်းဘကြီး ဆုံးပြီကိုး"

"ဘာကွ ...ဒ်အချိန်မှာ နောက်စရာလား"

"မနောက်ပါဘူးကွ... မင်းရေးတဲ့စာလည်း ပြန်ဖတ်ကြည့်ဦး"

စာဖတ်ပြီးသကာလ အဆွေးသမားကြီး "ဟိုက်" တစ်လုံးသာ အာမေဋိတ် ပြုနိုင်တော့သည်။

အကြောင်းက... "ငါ့ဘဝကြီးတော့ ဆုံးပြီ" ကို ဝလုံး မြှုတ်ကျန်ခဲ့၍ဖြစ်သတည်း။

## မှားပုံက

အဒေါ် ။ ။ "စာပေဟောပြောပွဲမှာ စကားပြော မှားလာလို့ စိတ်ညစ်တယ်ဆိုတာ ဘယ်လိုများပြောခဲ့မိလို့လဲ"

တူမ ။ ။ "မင်္ဂလာညချမ်းပါလို့... ပြောရမှာ၊ မင်္ဂလာဆောင် မယ့်ညပါလို့ ပြောမိလို့"





## စာမေးပွဲလား

ဟော်လီဝုဒ် စူပါမင်းသမီးတစ်ဦးသည် ငါးကြိမ်မြောက်အိမ်ထောင်ပြုပြန်၏။ လက်ထပ်စာချုပ် ထုတ်ပေးသောစာရေးက “အရင်တုန်းက ခင်ဗျား လက်ထပ်ဖူးလား၊ အကယ်၍ လက်ထပ်ဖူးတယ်ဆိုရင်လဲ ဘယ်သူနဲ့လဲ”ဟု မေးလေသည်။

ဤမေးခွန်းသည် သူမအဖို့ လွန်လွန်းနေ၏။ သူမက “ဘာလဲ၊ ဒါ မှတ်ဉာဏ်စစ်ဆေးတဲ့ စာမေးပွဲလား”ဟုအေးစက်စက် အမူအရာနှင့် မေးလိုက်သည်။

# လာမရစ်နဲ့

လူတစ်ယောက်သည် အရက်မူးနေသဖြင့် အိမ်သာကို ရုပ်ရှင်ရုံ မှတ်၍ ဝင်ထိုင်လိုက်သည်။

နံရံပေါ်တွင် သူသိပ်ကြိုက်သော မင်းသမီး မိုမိုကို တွေ့နေရသဖြင့် နည်းနည်းတော့ အမူးပြေသွားသည်။

သို့သော် မင်းသမီးက မလှုပ်သလို အသံလည်းထွက်မလာသဖြင့် စိတ်တိုကာ ထအော်ပစ်လိုက်သည်။

“ဟေ့ လူတွေ၊ ခင်ဗျားတို့ရုံက... စက်ပျက်နေတာလား၊ ဘာတွေလဲဗျ”

သူအော်လိုက်တော့မှ ရုံထဲက အသံထွက်လာသည်။

“ဟေ့... ဘယ်သူလဲကွ၊ ငွေတစ်ဆယ်ပေးပြီး... အများသုံး အိမ်သာမှာ လာရစ်နေတာလဲ”

“အလိုဗျာ”



## ပုန်းမယ်ကွာ

တစ်ခါက လင်မယားနှစ်ယောက် အကြီးအကျယ် ရန်ဖြစ်ကြသည်။ လင်ကရိုက်၍ မိန်းမက တွေ့ရာနှင့် ကောက်ပေါက်သည်။ နောက်ဆုံးမိန်းမက မှန်တစ်ချပ်နှင့် ယောက်ျားကို ပေါက်ဖို့ ရွယ်ပြန်သည်။

"ဟော့... ဟော့... မှန်ကွဲသွားမယ်ကွ၊ ဒီမှန်က နိုင်ငံခြားကလာတာ၊ ငါ ဈေးကြီးပေးပြီး ဝယ်ထားရတာနော်"

"အို... ငါ့လက်ထဲရောက်မှတော့ ငါ့မှန်ပဲ၊ ငါ့ဟာငါ ဘာလုပ်လုပ် နင်သေဖို့သာပြင်"

မိန်းမက မှန်စောင်းနှင့်ခုတ်မယ် တရွယ်ရွယ်ဖြင့် နောက်ကလိုက်သည်။

ယောက်ျားက စတိုခန်းထဲ သေပြေးရှင်ပြေးပုန်းပြီး ဂျက်ထိုးထားလိုက်၏။

မိန်းမ ။ ။ "သတ္တိတစ်ပြားသား မရှိတဲ့ကောင်၊ ခုထွက်ခဲ့စမ်း၊ ဘယ်နှယ့်တော်၊ ဘာမဟုတ်တဲ့ မှန်ကလေး တစ်ချက်ကိုတောင် ရေးကြီးခွင်ကျယ် လုပ်လို့၊ ငါ့မှန်၊ ငါ့သဘောပေါ့၊ သတ္တိရှိရင် ပုန်းမနေနဲ့၊ ထွက်ခဲ့"

ယောက်ျား ။ ။ "အေး၊ ဒီအိမ်ကလည်း ငါ့အိမ်ပဲဟေ့၊ ငါ ကြိုက်တဲ့နေရာမှာ ပုန်းနိုင်တယ်ကွ"



## မနက်သုံးနာရီတဲ့

““ဒေါက်တာ၊ ကျွန်တော့်ဇနီး အသံပျောက်နေတယ်၊ ဘယ်လို ပြောပြော အသံမထွက်ဘူး၊ ဘာလုပ်ရမလဲဟင်””

““ဒီနေ့ ခင်ဗျား မနက်သုံးနာရီတိတိမှာ အိမ်ကို ပြန်ကြည့်စမ်းပါ””

## မားပြနော်

ဘဏ်မှငွေထုတ်ပြီး ပြန်ထွက်လာသော အမျိုးသမီးကြီး တစ်ဦးအနီးသို့ ကုတ်အင်္ကျီဝတ်ထားသော လူငယ်တစ်ဦး ကပ်လာ ကာ ကုတ်အင်္ကျီအိတ်ထဲမှာ ဖောင်းဖောင်းဖုဖုအရာကို ပုတ်ပြ ရင်း...

"ကျွန်တော်ကို...ပိုက်ဆံအကုန်ပေးပါ"

"ဩော်...ဒီခေတ်လူငယ်တွေဟာ အလုပ်မလုပ်ချင်ကြဘူး၊ သူများဆီကပဲ တောင်းရမ်းစားချင်နေကြတာကိုး"

လူငယ်က ဒေါသတကြီးဖြင့် ပြန်ပြောလိုက်သည်၊၊...

"ဒီမှာဒေါ်ဒေါ်၊ ကျွန်တော်က သူတောင်းစားမဟုတ်ဘူး၊ မားပြဗျ...မားပြ"

"ရှင်"





## နေပါစေ

"အခုလို... ကျွန်တော်နဲ့ တိုင်ပင်ညှိနှိုင်းတဲ့အတွက် အကြံပေးခအဖြစ် ငါးရာကျသင့်ပါတယ် မိတ်ဆွေ"

"နေပါစေ ရှေ့နေကြီးရယ်၊ ကျွန်တော် အဲဒါတွေ ယူမသွားပါဘူး၊ ဒီမှာပဲ ထားခဲ့ပါရစေ၊ တစ်ပြားမှ မပေးပါရစေနဲ့"

## ပိုက်ဆံဆိုတာ

သားဖြစ်သူက ဦးမြမောင်ကို မေးသည်။

“ဖေဖေ... ပိုက်ဆံဆိုတာ ဘာလဲဟင်”

ကိုမြမောင် စိတ်ကူးယဉ်ကြည့်ပြီး ဖြေသည်။

“ပိုက်ဆံဆိုတာ အပျံစားကား၊ အကောင်းစားဝီစကီနဲ့ ချောမေ့၊ လှမေ့ဆိုတဲ့ အမျိုးသမီးတွေပေါ့ကွာ”

“ပိုက်ဆံ မရှိရင်ကောဟင်”

“အဲဒါဆိုရင်တော့ ဘတ်စ်ကား၊ ရေနွေးကြမ်းနဲ့ မင်းရဲ့ မေမေပဲပေါ့ သားရယ်”





## ဓားကျွမ်းတဲ့

ထိုသူ ။ ။ “ဟော၊ ဟိုကလျှောက်သွားတဲ့ လူကို တွေ့လား၊ အဲဒီလူက ဓားကျွမ်းတယ်ကွ”

သူငယ်ချင်း။ ။ “ဆပ်ကပ်ထဲက ဓားပေါက်ဝိဇ္ဇာလား”

ထိုသူ ။ ။ “မဟုတ်ဘူး၊ ဆံပင်ညှပ်ဆိုင်မှာ ခေါင်းတုံးတုံးပေးတဲ့လူ၊ မုတ်ဆိတ်ရိတ်ပေးတဲ့လူ”

## လာနေရသေးတယ်

မိခင်တစ်ဦးသည် ကလေးငယ်တစ်ဦးကို ချီကာ ဆရာဝန်ထံ အလျင်စလိုဖြင့် ပြေးလာခဲ့သည်။

မိခင် ။ ။ "ဆရာ၊ ကျွန်မသားလေး ငါးအရှင်တစ်ကောင်ကို မျိုချလိုက်လို့"

ဆရာဝန် ။ ။ "ဒါများဗျာ၊ ကျွန်တော့်ဆီကို အရေးတကြီး ရောက်လာရတယ်လို့၊ ငါးမျှားချိတ်မှာ အစာတပ်ပြီး ပါးစပ်ထဲချပေးလိုက်ရင် ပြီးတာပဲ"





## ကားတွန်းဆရာ

တစ်နေ့ ကောင်မလေးတစ်ယောက် ကားဖြင့် မြို့ထဲသို့ ထွက်အလာ လမ်း၌ စက်ရပ်သွားလေ၏။

လူများ အကူအညီတောင်းရန် ဟိုကြည့်ဒီကြည့်လုပ်ရင်း စာလိပ်များကိုင်၍ လွယ်အိတ်ကိုယ်စီနှင့် လျှောက်လာသူနှစ်ဦး အားကဲခတ်ရင်း ပြုံးစိစိနှင့်စိုက်ကြည့်ကာ...

"ရှင်တို့က ကာတွန်းဆရာတွေလား"

"ဟုတ်ပါတယ်ဗျာ"

နှစ်ယောက်စလုံး သံပြိုင်ပြောဆိုလိုက်၏။

"ဟာ... ဒါဆိုအတော်ပဲ၊ ကျွန်မကား စက်ရပ်သွားလို့၊ တဆိတ်လောက် ကားတွန်းပေးပါနော်"

"အမ်"

ကာတွန်းဆရာနှစ်ယောက် ကားတွန်းဆရာ ဖြစ်ရလေတော့သည်။

# သုဘရာဇာဆိုတာ

လူငယ်တစ်ယောက်သည် မိန်းကလေးတစ်ယောက်ကို ရည်းစား စကားလိုက်ပြောသည်။ မိန်းကလေးက နှုတ်ခမ်းစူပွ၊ စူပွလုပ်ကာ တစ်ခွန်းတည်း ပြောသွား၏။

မိန်းကလေး။ ။ "ဟွန်း... သုဘရာဇာ"

(ထိုသူက နာပြီး၊ သူငယ်ချင်းတစ်ယောက်ကို ပြန်ပြော၏)

ထိုသူ ။ ။ "ငါ့ကို အဲသလိုမိုက်မိုက်ရိုင်းရိုင်းနဲ့ ပြောသွားတာကွာ"

သူငယ်ချင်း။ ။ "မင်းကိုပြောတာ မဟုတ်ဘူး၊ သူ့အဖေကို သိအောင် ပြောပြသွားတာကွ"

ထိုသူ ။ ။ "ဘာဆိုင်လို့လဲကွ၊ မင်းပြောတာ ငါနားမရှင်းပါဘူးကွာ"

သူငယ်ချင်း။ ။ "သည်လိုလေကွာ၊ သူ့အဘဟာ ရာဇာ၊ ရာဇာဆိုတာ မင်း၊ အဲဒါကြောင့် သူတို့ မျိုးရိုးဟာ မင်းမျိုးမင်းနွယ်လို့ မင်းသိအောင် ပြောလိုက်တာပေါ့ကွ"



## စဉ်းစားပါဦး

"ဟော့…စားပွဲထိုး လာပါဦးကွ၊ မင်းတို့ ကြက်သားဟင်းက မာလိုက်တာ၊ ဝါးလို့ကို မရဘူး၊ ဆိုင်ရှင် ခေါ်ပေးစမ်းကွာ"

စားပွဲထိုးသည် ဟင်းခွက်ကိုကြည့်ပြီး စဉ်းစားကာ ဤသို့ တောင်းပန်လိုက်သည်။

"ဆရာတောင်မှ ဝါးလို့မရတာ၊ ဆိုင်ရှင်လည်း ဘယ်ဝါးနိုင်မှာလဲဗျာ၊ စဉ်းစားပါဦး"

# ငွေလိုလို့တဲ့

စိတ်ပူပင်နေသော လူတစ်ယောက်သည် ဆရာဝန်၏ဆေးခန်းထဲသို့ ဝင်လာလေသည်။

"ဆရာ၊ ကျွန်တော့်ကို ကူညီပါ၊ ကျွန်တော် လွန်ခဲ့တဲ့ငါးနှစ်က ဒေါ်လာအကြွေစေ့တစ်စေ့ မျိုချမိလို့"

"ဟာ၊ တကယ့်လူပဲ"ဆရာဝန်က အော်လိုက်လေသည်။

"ခင်ဗျား၊ ဘာဖြစ်လို့ အချိန်ငါးနှစ်တောင်မှ စောင့်နေရတာလဲ၊ အကြွေစေ့ကို မျိုချမိတဲ့နေ့မှာပဲ ဆရာဝန်တစ်ယောက်ဆီ သွားပြပါတော့လားဗျာ"

"အမှန်ပြောရရင် ဆရာရယ်၊ အဲဒီချိန်တုန်းက ကျွန်တော် ငွေမလိုသေးလို့ပါ"ဟု ပြန်ဖြေလိုက်လေသည်။





## ပြောခဲ့တယ်လေ

မိန်းမက ခင်ပွန်းဖြစ်သူအား ပြောနေသည်မှာ-

“မောင်က လက်မထပ်ခင်တုန်းကတော့ မေ့အတွက်ဆို အသက်ပါပေးဖို့ ဝန်မလေးဘူးဆိုပြီး၊ အခုမှ အသက်အာမခံထားဖို့ ဘာဖြစ်လို့ဝန်လေးနေရတာလဲ၊ မေ ချမ်းချမ်းသာသာ နေရတာကို မောင် မကြည့်ချင်ဘူးလား”

“အမ်”

## သားမသိ အဖေမသိ

တချို့လူတွေက ပိုက်ဆံချမ်းသာသလောက် စာပေဗဟုသုတ လိုက်စားမှု နည်းကြသည်။ ဖိမ်ခံပစ္စည်းတွေ အများကြီး ဝယ်တတ်ကြပေမယ့် အဖိုးတန်စာအုပ်တွေတော့ ဝယ်ရကောင်းမှန်း မသိချေ။ သို့ဖြင့် သူတို့၏ကလေးများမှာလည်း တီဗီ၊ ဗီဒီယိုတွေ ရှေ့တွင်သာ ဝေးရင်း အချိန်ကုန်ကြသဖြင့် ကျောင်း၌ စာမတော်သော လူရှော်လူဆိုးကလေးတွေ ဖြစ်ကြရသည်။

ကျောင်းနေဆဲ ကလေးတစ်ယောက်အကြောင်း သူတို့၏မိဘ နှစ်ပါးက ပြောစကားတွေပဲ နားထောင်ကြည့်ပါတော့…

မိန်းမ ။ ။ "မောင်ရေ၊ ခင်တို့ သားလေးရဲ့ဆရာမက ပြောလိုက်တယ်တဲ့၊ သားကလေးအတွက် အင်ဘိုင်ကလိုပီဒီးယား ဝယ်ပေးဖို့ လိုလိမ့်မယ်တဲ့"

ယောက်ျား ။ ။ "ဘာကွ၊ အင်ဆိုင်ကလိုပီဒီးယား ဟုတ်လား၊ မင်း သားကလေးကို တခြားကျောင်းသားတွေလိုပဲ ကျောင်းကို လမ်းလျှောက်သွားလို့ မရဘူးတဲ့လား"

(အင်ဆိုင်ကလိုပီဒီးယား = စွယ်စုံကျမ်း)

## ဆုံမယ်နေရာက

ရှေ့ဖြစ်ဟောဆရာမက ဖားကလေး၏ရှေ့ရေးကို ခတ်လုံးကြည့်ကာ ဟောသည်။

ရှေ့ဖြစ်ဟောဆရာမ ။ ။ "မင်းဟာ အင်မတန်ချောမောလှပတဲ့ ဖားမလေးနဲ့ ဆုံရတော့မယ်၊ မင်းက သူ့ကို ဖမ်းစားထားနိုင်ပြီလေ"

ဖားကလေး ။ ။ "ကျွန်တော်တို့ ဘယ်မှာဆုံကြရမှာလဲ၊ ရေကန်စပ်မှာလား"

ရှေ့ဖြစ်ဟောဆရာမ ။ ။ "ဘိုင်အိုလိုဂျီ ခတ်ခွဲခန်းမှာလေ" "အံ့အမ်"





## အလုပ်ခွင်က

ညအချိန် လမ်းထောင့်တစ်နေရာတွင် အမျိုးသမီးငယ်တစ်ဦးကို လူဆိုးက ဓားနှင့်ထောက်ပြီး ပြောသည်။

"လူပြည်မှာ နေချင်သလား"

"ဘယ်သူနဲ့လဲ"

"ပိုက်ဆံပါသလား"

"ဘယ်လောက် လိုချင်လို့လဲ"

"အဝတ်အစားတွေ အကုန်ချွတ်စမ်း"

"ရှင်ကော"

"ဟော့... ကောင်မ၊ စကားကိုကောင်းကောင်းပြော၊ ငါ့အလုပ်ခွင်ထဲမှာကွ"

## မိန်းမကြောက်တဲ့အရာ

ကားမောင်းကြမ်းသော မိန်းမကို မည်သို့သတိပေးရပါမည် နည်းဟု ကိုကိုမောင် အကြိမ်ကြိမ် စဉ်းစားသည်။ နောက်ဆုံးတွင် နည်းလမ်းတစ်ခုကို တွေ့သည်။ မိန်းမကို ကိုကိုမောင် ဤသို့သတိပေးသည်။

"ကားမောင်းရင် ကြည့်မောင်းနော်၊ မတော်တဆ ကားတိုက်မှုဖြစ်ရင် နာရေးကြော်ငြာမှာ မင်းရဲ့အသက် ဘယ်လောက်ရှိပြီလဲ ဆိုတာ ပါလာမယ်နော်"





## ကားနဲ့ကျွဲ ကွာခြားချက်

လယ်သမားကြီးတစ်ယောက်သည် ကားဝယ်ရန်အတွက် ငွေအမြောက်အမြား စုခဲ့၏။

ငွေတွေပြည့်သောအခါမှ ကားမဝယ်တော့ဘဲ ကျွဲတစ်ကောင် ဝယ်လိုက်သည်။

"ဘယ်နှယ်လဲ ဦးကြီးရဲ့၊ ကားလိုချင်လှချည်ရဲ့ တဖွဖွပြောပြီး၊ ခုကျမှ ဘာလို့ကျွဲဝယ်ရတာလဲ၊ မြို့ဈေးကို ကျွဲစီးသွားမှ ပိုဂုဏ်ရှိမယ် ထင်လို့လား"

"ကားက ငါ့ဆီက စာတ်ဆီသောက်မှာကွ၊ ကျွဲကတော့ ငါ့ကိုတောင် ကျွဲနို့ပြန်တိုက်ဦးမှာ"

## ထူးခြားလိုက်ပုံက

"ကြော်ငြာတာဟာ ထူးခြားမှုရှိရဲ့လားဗျ"

"သိပ်ထူးခြားတာပေါ့၊ ကိုဒေါင်စောင့်တစ်ယောက် အမြန်အလိုရှိသည်လို့ ကြော်ငြာလိုက်တာ၊ အဲဒီညမှာပဲ ကိုဒေါင်အဖောက် ခံလိုက်ရတယ်လေ"





## မှန်တယ်တဲ့

ဆရာဝန် ။ ။ ""ဘာမှစိတ်မပူနဲ့ ဘကြီး၊ ကျွန်တော် စမ်းသပ်ကြည့်တာ အားလုံးကောင်းတယ်၊ ဘကြီးအသက် ရှစ်ဆယ်အထိ နေရမှာ သေချာပါတယ်""

လူနာ ။ ။ ""ဟုတ်ကဲ့လား ဆရာ၊ အခုပဲ ဘကြီး အသက် ရှစ်ဆယ်ထဲ ရောက်နေပြီ""

ဆရာဝန် ။ ။ ""ကဲ... ကျွန်တော်ပြောတာ လက်တွေ့မှန်နေပြီ""

## လက်ဖွဲ့ကြိုးဝိုင်းထဲရောက်မှာ

ဗေဒင်ဆရာသည် သူ့ရှေ့ရှိသူ၏ဇာတာကို စေ့စပ်သေချာစွာ တွက်ချက်ကြည့်ပြီးနောက် ပြောလိုက်သည်။

"ဇာတာရှင်ဟာ လောလောဆယ် အညံ့ဝိုင်းထဲမှာပဲရှိသေးတယ်၊ ဒါပေမဲ့ မွေးလကျော်ရင်တော့ လက်ခမောင်းခတ်ဖို့သာ ပြင်ပေတော့"

"ဒါဆို ကျွန်တော် ငွေအစုလိုက်အပုံလိုက် ရကိန်းရှိလို့ပေါ့နော်"

"ဟင့်အင်း... လက်ဖွဲ့ကြိုးဝိုင်းထဲ ရောက်ဖို့ပဲရှိတယ်"





ဖြစ်ပုံက

"ဟိုမိန်းမနှစ်ယောက်ကို ကြည့်စမ်း၊ သိပ်တူတာပဲ၊ အမြွှာပဲဖြစ်ရမယ်"

"မဟုတ်ဘူး၊ သူတို့က ဆရာဝန် တစ်ယောက်တည်းဆီမှာပဲ မျက်နှာကို ခွဲစိတ်ပြုပြင်ခဲ့ကြတာလေ"

## ကိုင်စေချင်တာက

မော်တော်ကားမှတ်တိုင်တွင် လူနှစ်ယောက် ကားစောင့်နေကြပါသည်။

"မိတ်ဆွေက… အရက်သောက်တတ်လား"

"ဟင့်အင်း…လုံးဝ မသောက်တတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ဒါဆို ဒီအရက်ပုလင်းကို ခဏကိုင်ထားပေးနော်၊ ကျွန်တော်… ပုဆိုးပြင်ဝတ်လိုက်ချင်လို့"

"ဗျာ"





## မှာထားလို့ပါ

ဖလော်ရီဒါပြည်နယ် တရားရုံးတွင် တရားသူကြီးက တရားခံအား...

"မီးခံသေတ္တာဖွင့်ပြီး ပစ္စည်းတွေ ယူလို့ရသားနဲ့...ဘာဖြစ်လို့ အပြစ်မရှိတဲ့ အဖိုးကြီးကို မောင်မင်းက...သတ်ပစ်လိုက်ရတာလဲ"

"ကျွန်ုပ်သေမှ မီးခံသေတ္တာဖွင့်ပါလို့ မီးခံသေတ္တာပေါ်မှာ စာကပ်ထားတယ်လေ"

"ဗျာ"

## ပြည့်သေးဘူး

မော်တော်ဆိုင်ကယ်စီးလာသော အမျိုးသမီးကို ယာဉ်ထိန်းရဲက တားသည်။

"ခင်ဗျား တစ်နာရီကို မိုင်လေးဆယ်နှုန်းနဲ့ မောင်းတယ်"ဟု ပြောကာ ဒဏ်ရိုက်ရန် ပြေစာ စာအုပ်ကို ထုတ်သည်။

"တစ်နာရီမိုင်လေးဆယ် ဟုတ်လား၊ ကျွန်မအိမ်က ထွက်လာတာ တစ်နာရီတောင် မပြည့်သေးဘူး"

ယာဉ်ထိန်းရဲ ခေါင်းကို ကုတ်လိုက်ပြီး ပြောသည်။

"ဆောရီးပဲ၊ အဲဒါကို ကျွန်တော် မသိလို့ပါ၊ ဆက်သွားနိုင်ပါတယ်"





## မှားတယ်ဟဲ့

လူတစ်ယောက်သည် ဘီယာတွေ အလွန်အကျွံ သောက်ခဲ့ရာမှ ပေါက်မြောက်ပြီး အိမ်သို့ပြန်လာ၏။ နောက် ဘာမပြော ညာမပြောနှင့် အပေါ့သွားရန်အတွက် ရေချိုးခန်းဆိုပြီး ဖွင့်လိုက်သည်။ ထို့နောက် အလန့်တကြားဖြင့် သူ့ဇနီးဖြစ်သူထံပြေးလာပြီး

“မိန်းမရေ၊ ငါ့ကို ရေချိုးခန်းထဲက သရဲခြောက်လွှတ်လိုက်လို့ကွ၊ ငါတံခါးကို ဖွင့်လိုက်တာနဲ့ မီးတွေက ဖျတ်ခနဲပွင့်သွားတယ်ကွ၊ တံခါးပြန်ပိတ်လိုက်တော့ သူ့အလိုလို ပြန်ပိတ်ပြီးမှောင်ကျသွားတာနဲ့ ငါလည်းမဝင်ရဲတော့ဘဲ ပြန်ပြေးလာတာပဲ”

“ဟောတော့၊ ဒါဆို ရှင်ဖွင့်ခဲ့တာ ရေချိုးခန်းမှ မဟုတ်ဘဲ၊ ရေခဲသေတ္တာကြီး”

# မသည်းကွဲပုံက

လူတစ်ယောက် မျက်စိအထူးကုဆရာဝန်ထံသို့ မျက်စိမှုန်နေ၍ သွားရောက်ကုသရာ၊ ဆရာဝန်က ခေတ်မီကိရိယာမျိုးစုံဖြင့် စမ်းသပ်ကြည့်သော်လည်း မျက်စိကောင်းနေသဖြင့် စိတ်ရှုပ်နေလေသည်။

ဆရာဝန် ။ ။ "သေချာစစ်ဆေးပြီးပါပြီ၊ အဝေးရောအနီးရော အားလုံးကောင်းပါတယ်"

လူနာ ။ ။ "ကျွန်တော့်မျက်စိ မှုန်တာကလည်း အမှန်ပါပဲဆရာရယ်"

ဆရာဝန် ။ ။ "ဟာဗျာ၊ ကျုပ်က အထူးကုသမားတော်ဗျ၊ လုံးဝ မမှားဘူး"

လူနာ ။ ။ "ဟုတ်ပါ့မလား ဆရာရယ်၊ အိမ်မှာ မိန်းမနဲ့ ခယ်မ မသဲကွဲဘဲ တစ်ပုံစံတည်းဖြစ်နေတာ... မျက်စိမှုန်တာ မဟုတ်ဘူးလား၊ ပြောပါဦး ဆရာ"

ဆရာဝန် ။ ။ "ဗျာ"



# နေဖို့ သေဖို့ပြင်ဆင်ထားပုံက

အမျိုးသမီး သူငယ်ချင်းနှစ်ယောက်တွေ့ကြရာ...

ဒေါ်လီ ။ ။ "ဟေး... မော်လီ၊ မင်းဘဝအတွက် စနစ်တကျ ရှိဖို့ အစီအစဉ်တွေ လုပ်ထားပြီးပြီဆို"

မော်လီ ။ ။ "ဟုတ်တယ်လေ... စနစ်တကျကို စီမံထားတယ်၊ ငါ့ပထမဆုံးလက်ထပ်တဲ့သူက သန်းကြွယ်သူဌေး တစ်ယောက်နဲ့၊ ဒုတိယအိမ်ထောင်က ရုပ်ရှင်မင်းသား၊ တတိယယူထားတဲ့သူက တရားဟောဆရာ၊ ဟောအခု စတုတ္ထအိမ်ထောင်ကတော့ စဏ္ဍာလနဲ့လေ"

ဒေါ်လီ ။ ။ "ဟ... စနစ်တကျစီစဉ်ထားတယ်ဆိုပြီး အခုလို တစ်ယောက်ပြီးတစ်ယောက် လက်ထပ်နေတာနဲ့ ဘာဆိုင်လို့လဲ"

မော်လီ ။ ။ "သိပ်ဆိုင်တာပေါ့ကွာ၊ ပထမအိမ်ထောင်က ငွေချမ်းသာဖို့၊ ဒုတိယအိမ်ထောင်က ထင်ပေါ်ကျော်ကြားဖို့၊ တတိယအိမ်ထောင်ကတော့ သေဖို့အတွက် တရားရဖို့ ကြိုတင်ပြင်ဆင်ချက်၊ အဲ... နောက်ဆုံးယူထားသူကတော့ သေဖို့သက်သက်အတွက်လေ"

## အိမ်ဦးနတ်လေ

အမေဖြစ်သူသည် မီးဖိုချောင်တွင် ထိုင်ပြီး အရက်သောက်နေသည်။ သမီးဖြစ်သူက ဝင်လာပြီးပြောသည်။

"မေမေ…ပုလင်းလွတ်တွေ ယူသွားမယ်နော်၊ ပုလင်းလွတ်တွေရောင်းပြီး ဆန်ဝယ်ချင်လို့"

"ယူသွား ယူသွား၊ ဟင်း…ငါသာမရှိရင် မင်းတို့ဘာနဲ့စားကြမလဲ မသိဘူး"





## ပျားလိုမကျင့်နိုင်

အသက် (၇၀)အရွယ် သူဌေးကြီးသည် (၁၈)နှစ်အရွယ် အမျိုးသမီးလေးနှင့် လက်ထပ်သည်။ အိမ်ထောင်ရေးအရသာကို အပြည့်အဝ ခံစားချင်သည့်ဆန္ဒဖြင့် သူဌေးကြီးသည် သမားတော်ထံ လာပြသည်။ သမားတော်ကြီးက ၄င်းကို စမ်းသပ်စစ်ဆေးသည်။

"ဝမ်းနည်းပါတယ်၊ အန်ကယ့်ကို ဘာကမှ အကူအညီ မပေးနိုင်တော့ပါဘူးခင်ဗျာ"

"ပျားရည်သောက်ရင်ကော"

"ပျားရည် သောက်ပါဆိုတဲ့ဆေးညွှန်း ကျွန်တော် ပေးနိုင်ပါတယ်၊ ပျားလိုတဝီဝီ မြည်အောင်လည်း ကျွန်တော် လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ပျားလို တုတ်နိုင်အောင်ကတော့ မဖြစ်နိုင်ပါဘူး ခင်ဗျာ"



## ကလပ်တွေက

သဘော်ပျက်ပြီး အင်္ဂလိပ်တစ်ယောက် လူသူမပေါက်သော ကျွန်းတစ်ခုပေါ် ရောက်သွားသည်။ ကျွန်းပေါ်တွင် တစ်ကိုယ်တည်း အချိန်ကြာမြင့်စွာ နေရသည်။ နောက်ဆုံးတွင် ကယ်ဆယ်သူများ ရောက်လာကြသည်။

ကယ်ဆယ်သူများ ကျွန်းကို လျှောက်ကြည့်ကြသည်။ အင်္ဂလိပ်တစ်ဦးတည်း မည်သို့မည်ပုံ နေထိုင်ရပုံအကြောင်းကို မေးမြန်းကြသည်။ တဲတစ်လုံးကို ညွှန်ပြပြီး တစ်ယောက်က မေးသည်။

"ဒီတဲက ဘယ်သူ့တဲလဲ"

"ကျွန်တော်နေတဲ့ အိမ်ပါ"

"ခင်ဗျားအိမ်နားက ဟိုဟာကြီးကကော"

"ပျင်းပျင်းရှိရင် ကျွန်တော်သွားတတ်တဲ့ ကလပ်ပါ"

"ဟိုး ကျွန်းအစွန်က စုတ်ပြတ်နေတဲ့ တဲကကော"

"ကျွန်တော် လုံးဝလျစ်လျူရှုတဲ့ ကလပ်ပါ"

## ပြဖို့စာ

တစ်ခါက အိမ်တစ်အိမ်သို့ ဓားပြဝင်တိုက်၏။ အိမ်ရှင်မက

"ဓားပြတိုက်ခံရတာကို ဘယ်သူမှ မသိစေရပါဘူး၊ စိတ်ချပါရှင်"

"ကောင်းပြီ၊ ဒါဆို မင်းကို အသက်ချမ်းသာခွင့် ပေးမယ်"

ဓားပြခေါင်းဆောင်က ပစ္စည်းများယူ၍ ပြောလိုက်၏။

"ကျွန်မကို အမှန်တကယ် ဓားပြတိုက်ခံရကြောင်း ထောက်ခံစာလေးတော့ ရေးပေးခဲ့ပါနော်၊ ဒါမှ ကျွန်မယောကျ်ား နိုင်ငံခြားက ပြန်လာရင်ပြနိုင်မှာ"

"ဟင်"






## တူသွားတယ်တဲ့

"မင်းကို အိမ်မှာရေးခိုင်းလိုက်တဲ့ စာစီစာကုံးဟာ မင်းလက်ရေးနဲ့ မတူပါလားကွ၊ ဘယ်သူရေးပေးတာလဲ"

"ဘယ်သူမှရေး မပေးပါဘူးဆရာ၊ ကျွန်တော်ဖေဖေ့ ဖောင်တိန်နဲ့ယူရေးမိလို့ ဖေဖေ့လက်ရေးနဲ့ တူသွားတာပါ"



## အင်္ကျီနဲ့ကား

အမျိုးသမီးတစ်ဦးသည် ဖုန်းမှနေ၍ ဆရာဝန်အား ပြောနေ၏။

"ကျွန်မတောင်းပန်ပါတယ် ဆရာ၊ ကျွန်မဆီကို ကိုယ်ခန္ဓာအလေးချိန်ကျဖို့ ပိန်ဆေး အခုချက်ချင်းပဲ ပို့ပေးလိုက်ပါရှင်၊ ကျွန်မအမျိုးသားက ကျွန်မအတွက်ဆိုပြီး အလွန်ကောင်းတဲ့မွေးနေ့လက်ဆောင် တစ်ခုပေးတယ်၊ အဲဒါ ကျွန်မနဲ့မတော်ဘူး ဖြစ်နေလို့ပါ"

ဆရာဝန်က "မနက်ဖြန်ကျမှ ဒီကိုလာခဲ့ပါဗျာ၊ ကျွန်တော်ခင်ဗျားကို ဆေးညွှန်းပေးလိုက်ပါ့မယ်၊ ဒါဆို ခင်ဗျားရဲ့အရမ်းကောင်းတဲ့ ဝတ်စုံဝတ်စုံအသစ်ကို သိပ်မကြာပါဘူး၊ ခင်ဗျားဝတ်လို့ရမှာပါ"ဟုပြောလိုက်လေသည်။

ထိုအခါ အမျိုးသမီးက "ကျွန်မက ကျွန်မယောကျ်ား ပေးတဲ့ မွေးနေ့လက်ဆောင်ဆိုတာ အင်္ကျီပါလို့ပြောခဲ့လို့လား ဆရာရယ်၊ ကျွန်မနဲ့မတော်ဘဲဖြစ်နေတာက ကားပါ"



မေ့ဆေးဆရာဝန်

တစ်ဦး ။ ။ "ဒီဆေးခန်းက... ငြိမ်ချက်သားကောင်းလှ ချည်လား"

နောက်တစ်ဦး ။ ။ "ဟုတ်တယ်၊ ဒီဆေးခန်းက... မေ့ဆေးဆရာ ဝန်ရဲ့ ဆေးခန်းလေ"

## သတ်ပုံမှားရင်

တက္ကသိုလ်ရူပဗေဒဌာနတွင် အလုပ်လုပ်နေသော လက်ထော တို လက်နှိပ်စက် စာရေးမတစ်ယောက်က ခွင့်တစ်လ လျှောက် သည်။

အထက်လူကြီးက လျှောက်လွှာကို လက်နှိပ်စက်ရိုက်တင်ရန် နှင့် တစ်ပါတည်း လူစားတောင်းရန်ပါ ပြောကြား၏။

စာရေးမက (Substitute) "လူစား" ဟု ရိုက်ရမည့်အစာ (Prostitute) "မိန်းမပျက်" ဟု မှားရိုက်လိုက်မိ၏။

ဤတွင် မှတ်ပုံတင်ဌာနအကြီးအကဲက စာရေးမကို စာပြ လိုက်၏။

"သင်၏... နေ့စွဲပါလျှောက်လွှာအရ သင်လိုအပ်သောပစ္စည် သည် ကျွန်ုပ်တို့ တက္ကသိုလ်စတိုခန်းတွင် မရှိပါ၊ ထို့အတွက်ဈေ မှ မှာယူပြီးကျသင့်ငွေကို အုပ်ချုပ်ရေးအရာရှိထံ ပေးသွင်းရန် ညွှန်ကြားလိုက်ပါကြောင်း"





## စိတ်မကောင်းပုံက

ကိုမြမောင်။ ။ "ခင်ဗျား သမီးလက်ထပ်တာ ခင်ဗျားရင်ထဲ ဘယ်လိုခံစားရသလဲ"

ဖခင် ။ ။ "လက်ထပ်တဲ့ကောင်လေးကို သနားမိတယ်"

ကိုမြမောင်။ ။ "ဟာဗျာ... ခင်ဗျားဟာက ဘယ်လိုလဲဗျ"

ဖခင် ။ ။ "ဒီလိုလေ၊ ကျုပ်သမီးက... အိမ်ထောင် လေးဆက်ကျခဲ့တာမှာ ပထမအိမ်ထောင်ကို လေးလ၊ ဒုတိယအိမ်ထောင်ကို သုံးလ၊ တတိယ အိမ်ထောင်ကို နှစ်လပဲပေါင်းခဲ့တော့၊ အခု ကောင်လေးကို တစ်လပဲပေါင်းမယ် ထင်ပြီး စိတ်မကောင်း ဖြစ်နေတာပေါ့ဗျာ"

ကိုမြမောင်။ ။ "ဗျာ"

## ယောကျ်ားမဖတ်လို့

ယောကျ်ားဖြစ်သူ အလုပ်မှ ပြန်လာသည်။ တစ်အိမ်လုံး ပြောင်းဆန်နေသည်။ မိန်းမဖြစ်သူ တစ်စုံတစ်ရာကို သဲသဲမဲမဲရှာနေသည်ကို တွေ့ရသည့်အခါ သို့နှင့်မေးသည်။

"မိန်းမရေ၊ မင်း ဘာတွေရှာနေလဲကွာ၊ ငါကူရှာပေးရအောင်"

"တလောက ကျွန်မဝယ်လာတဲ့စာအုပ် ပျောက်နေလို့"

"ဘာစာအုပ်လဲ"

"အသက်ရှည်နည်း စာအုပ်"

"ရှာမနေနဲ့၊ ငါ မီးရှို့လိုက်ပြီ"

"ဘာပြောတယ်၊ မီးရှို့လိုက်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲတော့"

"မင်းအမေ စိတ်ဝင်တစား ဖတ်နေတာတွေ့လို့"



## ဈေးနှုန်းပြင်မှ

တစ်ခါကရပ်ကွက်တစ်ခု၌ အသုပ်စုံရောင်းသော ဒေါ်စိန်သုံ အသုပ်ဆိုင်သို့ ချစ်ချစ်ဆိုသည့် အမျိုးသမီးတစ်ဦး အသုပ်လာစားသည်။

ချစ်ချစ် ။ ။ "အစုံသုပ်တစ်ပွဲ သုပ်ပေးပါ"

ဒေါ်စိန်သုံ ။ ။ အစုံသုပ်ကို အရသာရှိရှိ အကောင်းဆုံးဖြစ်အောင်သုပ်ပြီး ပေးလိုက်သည်။

ချစ်ချစ် ။ ။ "အသုပ်က ငန်နေလို့၊ အဖတ်နည်းနည်းထည့်ပါဦး"

ဒေါ်စိန်သုံ ။ ။ အသုပ်ထဲသို့ ခေါက်ဆွဲဖတ် နည်းနည်းထည့်ပေးလိုက်သည်။

ချစ်ချစ် ။ ။ "အရည်လေးနည်းနည်း ဆမ်းပေးပါဦး"

ဒေါ်စိန်သုံ ။ ။ ဟင်းခါးရည်နည်းနည်း ဆမ်းပေးလိုက်သည်။

ချစ်ချစ် ။ ။ "အသုပ်က ပေါ့သွားလို့၊ ပဲမှုန့်နဲ့အကြွပ်ကြော်လေးထည့်ပါဦး"

ဒေါ်စိန်သုံ ။ ။ ပဲမှုန့်နှင့် အကြွပ်ကြော်များ ထပ်ထည့်ပေးလိုက်သည်။

ချစ်ချစ် ။ ။ ''အသုပ်ဖိုး ဘယ်လောက်လဲ''

ဒေါ်စိန်သုံ ။ ။ ''ကျပ်(၄၀၀)ပါ၊ သူများတွေ ကျပ်(၂၀၀)နဲ့ ရောင်းတာ၊ နင်ကအသုပ်ကိုပြင်ပြီး ဝအောင်စားသွားတော့ ငါကလည်း ဈေးနှုန်း ပြင်လိုက်ရတာပါ''






## ခက်မယ်

သကြားပုလင်းထဲမှ သကြားများကို သားဖြစ်သူ ညီပုလေး နှိုက်စားနေသည်ကို အမေဖြစ်သူက တွေ့လိုက်ရသည်။

အမေ ။ ။"ညီပုလေး ခုတစ်ခါတော့ ရှိပါစေတော့၊ ခုလို သကြားပုလင်းထဲက သကြား နှိုက်စားတာ နောက်တစ်ခါ အမေ မတွေ့ချင်ဘူးနော်"

ညီပုလေး ။ ။"သားကြိုးစားပါ့မယ် အမေ၊ ဒါပေမဲ့ တစ်ခါ တစ်ခါ မေမေ လမ်းလျှောက်လာရင် ခြေသံ မကြားရလို့ နည်းနည်းတော့ ခက်မယ်ထင် တယ်"



## ခံစားလို့ရတာက

လန်ဒန်မြို့လယ် လမ်းမပေါ်၌ သူငယ်ချင်းမိန်းကလေး နှစ်ဦး ဆုံမိပြီး စကားလက်ဆုံကျလျက် ရှိသည်။

ပထမမိန်းကလေး ။ ။ "မတွေ့တာကြာပြီနော်"

ဒုတိယမိန်းကလေး ။ ။ "အေး... အလုပ်တွေများနေလို့"

ပထမမိန်းကလေး ။ ။ "ဘာတွေအလုပ်များနေတာလဲ၊ ပြောစမ်းပါဦး"

ဒုတိယမိန်းကလေး ။ ။ "ဒီလိုဟာ... ငါနဲ့ဒေးဗစ် စေ့စပ်ထားတာ ဖျက်သိမ်းလိုက်ပြီ"

ပထမမိန်းကလေး ။ ။ "ဟယ်... ဘာဖြစ်လို့လဲ"

ဒုတိယမိန်းကလေး ။ ။ "အရှင်းဆုံးပြောရရင်တော့ သူ့ကို ခံစားလို့ မရတော့ဘူး"

ပထမမိန်းကလေး ။ ။ "ဟုတ်လား"

ဒုတိယမိန်းကလေး ။ ။ ''ဟုတ်တယ် အဲဒါကြောင့် စေ့စပ်တာ ဖျက်လိုက်တာ''

ပထမမိန်းကလေး ။ ။ ''ဒါနဲ့ နှင့်အကျီပေါ်က စိန်ရင်ထိုးက ဒေးဗစ်နဲ့ စေ့စပ်ပွဲလုပ်တုန်းက ပေးထားတာ မဟုတ်လား''

ဒုတိယမိန်းကလေး ။ ။ ''ဟုတ်တယ်... ဒေးဗစ်ကို ခံစားလို့ မရပေမယ့် စိန်ရင်ထိုးကိုတော့ ခံစားလို့ ရတယ်လေ''

ပထမမိန်းကလေး ။ ။ ''ဟယ်''





## တင်ပြပုံက

အင်ဂျင်နီယာဖြစ်သူ ကိုဗင်ကို ကုမ္ပဏီမန်နေဂျာက ခေါ်၍ ဆွေးနွေးသည်။

မန်နေဂျာ ။ ။ "ငါတို့ကုမ္ပဏီရဲ့ အစည်းအဝေးခန်းမှာ အစည်းအဝေးလုပ်ရင် မီးခိုးတွေ အရမ်းများပြီး မွန်းနေတာပဲကွာ၊ အဲဒါ ဘယ်လိုပြုပြင်ရင် ကောင်းမလဲ၊ ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ ဆိုတာ သေချာတွက်ချက်ပြီး ငါ့ဆီ မြန် တင်ပြကွာ" ဟု ပြောလေသည်။ ကိုဗင်က အခန်းအနေအထားကို သေချာကြည့်ပြီး တွက်ချက်တင်ပြသည်။

ကိုဗင် ။ ။ ''မန်နေဂျာကြီးခင်ဗျား၊ အစည်းအဝေးခန်းမထဲမှာ မီးခိုး လုံးဝရှင်းဖို့ပြဿနာမှာ လုပ်စရာနှစ်ခုရှိပါတယ်။

(၁) လေအေးပေးစက် အားကြီးကြီး တပ်ဆင်ပြီး အထဲကမီးခိုးတွေကို အခန်းအပြင်စုပ်ထုတ်တဲ့စက်မှာ ဒလက်ကြီးကြီး တပ်ပေးဖို့ပါ၊ ကုန်ကျစရိတ်အနေနဲ့ ဒေါ်လာ (၂၀၀၀)လောက်ကျပါ့မယ်''

(၂) နောက်တစ်မျိုးကတော့ အစည်းအဝေးခန်းမထဲမှာ ''ဆေးလိပ်မသောက်ရ''ဆိုတဲ့ ဆိုင်းဘုတ်နှစ်ခုတပ်ဖို့ပါပဲ၊ ကုန်ကျစရိတ်အနေနဲ့ (၃)ဒေါ်လာ ကျမှာဖြစ်ပါတယ်''





## မေမေလာပါတဲ့

အလယ်တန်း စာသင်ကျောင်းတစ်ကျောင်း၌ တက်ရောက်စာသင်နေသော သားဖြစ်သူအား မိခင်ဖြစ်သူက အောက်ပါအတိုင်း မေးမြန်းလေသည်။

မိခင် ။ ။"သားတို့ လပတ်စာမေးပွဲ ဖြေပြီးပြီလား"

သား ။ ။"ဟုတ်ကဲ့"

မိခင် ။ ။"အောင်စာရင်းကော သိရပြီလား"

သား ။ ။"ဟုတ်ကဲ့"

မိခင် ။ ။"သားတို့ အောင်စာရင်းကတ်ပြားတွေ မပေးသေးဘူးလား"

သား ။ ။ "တခြားကျောင်းသားတွေတော့ ပေးနေတာ တွေ့တယ်"

မိခင် ။ ။ "သားရဲ့ အောင်စာရင်းကတ်ပြားရော မရသေးဘူးလား"

သား ။ ။ "သားကိုတော့ မပေးဘူး"

မိခင် ။ ။ "ဘာဖြစ်လို့လဲ"

သား ။ ။ "အမေ့ကိုပဲ ပေးမယ်တဲ့၊ မေမေကျောင်းကို ကိုယ်တိုင်လာခဲ့ပါတဲ့"

မိခင် ။ ။ "ဟေ"





# ထည့်လိုက်မိပုံက

ဟမ်ဘာဂါဆိုင်တစ်ဆိုင်ရှေ့တွင် ပလတ်စတစ် စာလုံးများဖြင့် "တစ်နေ့လျှင် (၂၅)နာရီဖွင့်သည်"ဟု ကပ်ထားသည်ကို တွေ့သောကြောင့် မီမီက စိတ်ဝင်စားသွားသည်။ ဆိုင်ထဲဝင်ပြီး ဟမ်ဘာဂါစားရင်း ဆိုင်ရှင်ကိုမေးသည်။

မီမီ ။ ။ "ခင်ဗျားတို့ဆိုင်က ထူးထူးဆန်းဆန်း တစ်နေ့ (၂၅) နာရီဖွင့်သည် လို့ရေးထားတာ ဘာကို ဆိုလိုတာလဲ"

ဆိုင်ရှင် ။ ။ "ဘာရယ်လို့ မဟုတ်ပါဘူးဗျာ၊ ပလတ်စတစ် ဂဏန်းတွေမှာ (၄)ဂဏန်းကို ရှာမတွေ့ဘဲပျောက်နေလို့ အလွယ်တကူ (၅)ကိုထည့်လိုက်တာပါ"

## စာဖတ်တတ်ပုံက

တစ်ခါက ရွာတစ်ရွာ၌ ငွေကြေးပြည့်စုံသော လယ်ပိုင်ရှင် သူဌေးကြီးတစ်ဦး ရှိလေသည်။ သူဌေးကြီးထံသို့ လူတစ်ယောက်က တပည့်ဖြစ်သူ မောင်လှအား နွားငှားရန် စာရေးထား၍ စေလွှတ်လိုက်သည်။

မောင်လှ ။ ။ သူဌေးကြီးထံသို့ ရေးပေးလိုက်သောစာ ပေးလိုက်သည်။

သူဌေးကြီး ။ ။ စာကို အမြန်ဆွဲယူပြီး ပြူးပြူးကြီးလုပ်ကာ၊ စာဖတ်တတ်ယောင်ယောင် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

မောင်လှ ။ ။ "သူဌေးကြီး၊ ဘာရေးထားတာလဲ ခင်ဗျာ"

သူဌေးကြီး ။ ။ "ငါ သိပါတယ်ကွာ၊ ငါ့ကို လာလည်ဖို့ဖိတ်တာလေ"

မောင်လှ ။ ။ "အန်"





## မှန်လိုက်လေ

တစ်ခါတွင် ဝတ္ထုတိုရေးပြိုင်ပွဲ ကျင်းပလေသည်။ ပြိုင်ပွဲစည်းကမ်းများမှာ-

(၁) စကားလုံးနည်းနိုင်သမျှ နည်းရမည်။

(၂) ဘာသာရေး ပါရမည်။

(၃) လိင်ကိစ္စ ပါရမည်။

(၄) လျှို့ဝှက်သည်းဖိုစရာ ပါရမည်။

ထိုပြိုင်ပွဲ၌ အောက်ဖော်ပြပါ ဝတ္ထုတိုရေးသူက ပထမဆု ဆွတ်ခူးသွား၏။

“အလို ဘုရားသခင်၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီတဲ့၊ ဘယ်သူ့ ပယောဂပါလိမ့်၊ အို... ကျွန်မ စဉ်းစား မရနိုင်တော့ဘူး”

## ထင်တာပဲ

လူနာ ။ ။ "ဒေါက်တာ၊ ကျွန်တော် အသက် (၁၀၀) နေရအောင် ဘာလုပ်ရမလဲ"

ဒေါက်တာ ။ ။ "အဆီအဆိမ့်တွေ မစားနဲ့၊ အရက် မသောက်နဲ့၊ အပျော်အပါး မလိုက်စားနဲ့"

လူနာ ။ ။ "ဒီလိုဆိုရင် အသက် (၁၀၀)အထိ နေရရော လား ဒေါက်တာ"

ဒေါက်တာ ။ ။ "ထင်ရတာပေါ့ဗျာ"





## ပျင်းတဲ့ရက်

ကုမ္ပဏီတစ်ခုမှ သူငယ်ချင်းနှစ်ဦး လခထုတ်ရက်၌ ယမကာ သုံးဆောင်ကြရင်း...

"သူငယ်ချင်း... လူ့ဘဝမှာ အပျော်ဆုံး သုံးနေ့ရှိတာ မင်းသိတယ်နော်"

"သိတယ်လေ... အဲဒါဘာဖြစ်လဲ"

"ဒါပေမဲ့... အပျင်းဆုံးနေ့ တစ်နေ့တော့ မင်းသိမှာ မဟုတ်ဘူး"

"ထူးထူးခြားခြားပါလား၊ ဘယ်နေ့လဲ၊ ပြောစမ်းပါဦး"

"လခထုတ်ပြီး နောက်တစ်နေ့"

"ဘာဖြစ်လို့လဲ"

"လက်ထဲငွေရောက်ဖို့ တစ်လ ထပ်စောင့်ရမှာမို့လို့"

"ဟိုက်"

# ဝယ်ဦးလေ

သုတစာရေးဆရာတစ်ဦးက သားငယ်အား မြေပုံတစ်ခု ဝယ်ခိုင်းရာ ပြန်လာသောအခါ မြေပုံပါအချက်အလက်များ၊ လမ်းများ၊ အမှတ်အသားများကို သေသေချာချာ ဖြူးပြဲကြည့်ရင်း စိတ်ရှုပ်ထွေးဟန်ဖြင့် သားငယ်အား ပိုက်ဆံထုတ်ပေးရင်း ပြောလိုက်သည်ကား

"ရော့... သား၊ မှန်ဘီလူး တစ်ခုသွားဝယ်စမ်းကွာ"





## လာတဲ့ဖုန်းတွေက

ဖုန်းပြောနေသော ကုမ္ပဏီ ဝန်ထမ်းတစ်ဦးအား ကြည့်ပြီး အခြားဝန်ထမ်းတစ်ဦးအား မန်နေဂျာက...

"ဒီလူ့ဆီ ဖုန်းတွေ ခဏခဏလာတယ်နော်၊ အင်းလေ၊ အိမ်ထောင်သည်ဆိုတော့လည်း သားရေးသမီးရေးတွေ ရှိသေးတော့ အမျိုးသမီးဆီက ဆက်တာဖြစ်မှာပါ"

"အမျိုးသမီးတော့ အမျိုးသမီးပဲဆရာ၊ ဒါပေမဲ့..."

"ဒါပေမဲ့... ဘာဖြစ်လဲ"

"သူ့မိန်းမဆီက မဟုတ်ဘူး၊ အခုဟာက နောက်တစ်ယောက်"

"ဟိုက်"

## ပြောင်းပြန်တဲ့

တစ်နေ့ကုန် အလုပ်ဆင်းရသော ကုမ္ပဏီဝန်ထမ်းတစ်ဦးသည် မိမိဇနီးသည်၏ အခြေအနေကို စူးစမ်းလို၍ အိမ်နီးနားချင်း အဒေါ်ကြီးအား

"အဒေါ်ကြီးအကြောင်းတွေ ကျွန်တော့်မိန်းမက ပြောတယ်"

"ဘာပြောသလဲ"

"ကျွန်တော့်အကြောင်းတွေ...ကျွန်တော်ရုံးသွားတုန်း သူ့ကို လာပြီး အတို့အထောင် ပြောတယ်တဲ့"

"အမယ်... သူ့မိန်းမကဖြင့် တစ်နေ့ကုန် အိမ်ပေါက်စေ့ လျှောက်လည်နေပြီးတော့"

"ဗျာ"





## ဂျုံးဖြူရေဆိုတာ

ရန်ကုန်မြို့ဆင်ခြေဖုံးနေ တူဖြစ်သူထံ အလည်ရောက်နေသော ရွာမှ ဘကြီး၏နမော်နမဲ့နိုင်ပုံက...

“မင်းတို့ရပ်ကွက်က လူတစ်ယောက်က သနားစရာကွာ”

“ဘာဖြစ်လို့လဲ ဘကြီးရဲ့”

“နေ့တိုင်း ဂျုံးဖြူရေ...ဂျုံးဖြူရေနဲ့၊ ကေနွ သူ့မိန်းမပျောက်လို့ ရှာတာဖြစ်မယ်ထင်တယ်”

“ဘကြီးကလည်း ပြောရော့မယ်၊ ဂျုံးဖြူရေဆိုတာ ဂျုံးဖြူရေကန်ကလာတဲ့ရေ၊ အဲဒီရေကို လိုက်ရောင်းတာဘကြီးရဲ့”

“ဟော”

# သွားမယ်

သားသမီး မထွန်းကားသော လူလတ်ပိုင်းဇနီးမောင်နှံ၏ တနင်္ဂနွေကား...

"ဒီနေ့ရုံးပိတ်ရက် ရှင်ဘယ်မှ မသွားနဲ့တော့နော်"

"ဘာဖြစ်လို့လဲကွ"

"အိမ်မှာ ကျွန်မတစ်ယောက်တည်း ပျင်းလို့၊ ရုံးပိတ်ရက်ပဲ ရှင်နဲ့ အေးအေးဆေးဆေး စကားပြောရတာ"

"မိန်းမကလည်းကွာ၊ ငါမသွားရင် နှစ်ယောက်စလုံး ပျင်းနေမှာပေါ့ကွ"

"အယ်"





# ငါလုပ်မယ်

လိုင်းကားပေါ်တက်လာသော တောမှ ဘကြီးနှင့် မြို့သား တူဝရီးအား စပယ်ယာက "ကားခကို အကြွေပေးနော်၊ အကြွေမရှိရင်တော့ ထုံးစံအတိုင်းပဲ" ဟုပြောလိုက်ရာ ဦးကြီးက တူတော်မောင်အား...

"တူကြီး၊ ထုံးစံဆိုတာ ဘာလဲကွ"

"သြော်...ငါးဆယ်ကျတဲ့လမ်းကို တစ်ရာပေးရင် ပြန်အမ်းဖို့ အကြွေ (၅၀)မရှိဘူး၊ နှစ်ရာကျတဲ့လမ်းကို ငါးရာတန်ပေးရင် နှစ်ရာပဲပြန်အမ်းပြီး တစ်ရာကို ပြန်အမ်းဖို့ မရှိဘူး ပြောတာ ဘကြီးရဲ့"

"ဟော...ငါတောင် စပယ်ယာလုပ်ချင်လာပြီ"

"ဟိုက်"

## စဉ်းစားလေ

ယမကာလုလင်အား ဇနီးဖြစ်သူက အရက်ဖြတ်စေလို၍-

"ရှင် ကျွန်မကို မချစ်ဘူးလား"

"ချစ်တာပေါ့ကွ၊ ချစ်လို့ယူထားတာပဲ"

"ချစ်ရင် အရက်ကိုဖြတ်"

"ဒါလေးတစ်ခုတော့ ခြွင်းချက်ထားပေးပါကွာ၊ ကျန်တာ အကုန်လုပ်ပေးနိုင်တယ်"

"ဒါဆို ကျွန်မက သေခိုင်းရင်သေရဲလား"

"သိပ်သေရဲတာပေါ့ကွာ... ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ငါသေသွားရင် မင်းကို ဘယ်လိုလုပ်ချစ်လို့ရတော့မှာလဲ"

"အမ်"





## လှပါဘူး

အလှအပကြိုက်သော ဇနီးသည်အား ခင်ပွန်းဖြစ်သူက ကျီစယ်လို၍...

"ငါ စဉ်းစားတာ တစ်ခုရှိတယ်ကွ"

"ဘာတွေစဉ်းစားမိလဲ"

"တစ်ခါတလေ ရုပ်ဆိုးတဲ့ယောကျ်ားတွေဟာ အလွန်ချော တဲ့ မိန်းမတွေ ရတတ်တာကိုလေ"

"ရှင်ထင်လို့ပါ၊ ကျွန်မ ဒီလောက်မလှသေးပါဘူး"

"ဟေ"

## လှမှ

ကျောင်းနေဖက် သူငယ်ချင်းနှစ်ဦး တွေ့ကြရာဝယ်...
"နင် အရင်ကထက် ပိုလှလာသလိုပဲ"
"မလှလို့ မဖြစ်တော့ဘူးလေ"
"ဘာလဲ... ချစ်သူရှိနေလို့လား"
"မဟုတ်ဘူး၊ အလုပ်လျှောက်လွှာ တင်တော့မလို့"
"ဟိုက်"





## လိုင်းကားဆိုတာ

မြို့တွင် အတန်ကြာသွားလည်ပြီး ရွာသို့ပြန်လာသော ဦးကြီးအား တူဖြစ်သူက...

""ဦးကြီးတစ်ယောက် မြို့က ပြန်လာပြီးကတည်းက ထူးခြားနေတယ်ဗျို့""

""ဘာတွေထူးခြားနေလို့လဲကွ""

""အရင်က ထစ်ခနဲဆို ဒေါသထွက်ပြီး အခု သည်းခံလွန်းလို့ပါ""

""သည်းခံစိတ်မွေးနိုင်တာ ရန်ကုန်သွားတဲ့ အကျိုးကျေးဇူးပေါ့ကွာ""

""တန်ခိုးကြီး ဘုရားတွေဖူးပြီး သံဝေဂတရားတွေ ရသွားလို့လား""

""လိုင်းကားတွေစီးခဲ့လို့""

""ဟိုက်""

## တိုင်ဘူးကွာ

လိုင်းကားတစ်စီးပေါ်ဝယ် ခရီးသည်တစ်ဦးနှင့် စပယ်ယာက လေးတို့ စကားများကြရာဝယ်...

"မင်းတို့ကားက အထူးကားသာ ပြောတယ်၊ မတ်တတ်ပဲ စီးရပါလားကွ"

"ဦးလေး မကျေနပ်ရင် ဖုန်းဆက်တိုင်လိုက်ပေါ့"

"မင်းတို့ နိုင်းတိုင်း တိုင်ရမှာလားကွ၊ တော်ကြာ တိုင်တိုင်း အရေးယူရင် လိုင်းကားတစ်စီးမှ မကျန်ဘဲ ခရီးသည်တွေ ခြေကျင်လျှောက်နေရမှာပေါ့"

"ဟိုက်"





## ပြောင်းသွားလို့

ဒေါ်စိန်ဥဆိုင်မှာ ဈေးဝယ်လာရင်း မဗျိုင်းက ပြောသည်။

"ကျွန်မကတော့ အသက်တော်ရှည်မှာပဲ"

"ဘာလို့လဲ"

"စိတ်ချမ်းသာသွားလို့လေ၊ အိမ်ကလူ ကိုရေခဲအတွက် အမြဲ စိတ်မအေးဖြစ်နေရတာ၊ ခုတော့ သောကတွေနဲ့နေဖို့ မလိုတော့ဘူး၊ စိတ်အေးရပြီ၊ အသက်ရှည်တော့မယ်"

"သောကတွေ ဘယ်လိုပျောက်သွားတာလဲ"

"အိမ်ရှေ့တိုက်ခန်းမှာ အငှားနေတဲ့ မော်ဒယ်ဂဲလ်မလေး ခုမြို့ထဲကို ပြောင်းသွားပြီ"

## အသက်ရှည်ပုံက

"ဘ… ဘာလို့အသက်ရှည်တာလဲ"

"ငယ်ငယ်လေးကတည်းက လိုချင်တာ မရဘူးကွာ၊ ဘယ်လောက်ကြိုးစားကြိုးစား မဖြစ်တာ၊ ခုအသက် (၉၈)နှစ် ရောက်တဲ့အထိ မရတာ၊ အဲဒီအလိုမပြည့်မှုကြောင့် အသက်ရှည်တာလို့ ထင်တာပဲ"

"ဘ… လိုချင်တာက ဘာလဲ"

"မိန်းမပေါ့ကွာ"





## အသက်ရှည်ချင်ပုံက

“ကျွန်တော်အားကြီး အသက်ရှည်ချင်တယ် ဆရာ”
“ဘာအတွက် အသက်ရှည်ချင်တာလဲ”
“အသက်ရှည်ချင်လို့ကို ရှည်ချင်တာပါ ဆရာ”
“ကဲ… အသက်(၁၀၀)ထိ နေရပါပြီတဲ့၊ ဘာလုပ်မှာလဲ”
“အသက်ရှည်ပြီဆိုတော့မှ အလုပ်က စလုပ်လို့ရမှာ”
“ဘာအလုပ်လဲ”
“အသက်ရှည်ဆေး ရောင်းမယ်လေ၊ နမူနာရှည်ပြထားရမှာလေ”

## ဈေးများပုံက

အိမ်ခန်းငှားတဲ့ ကိုကိုမောင်ကို အိမ်ရှင်က...

"လခ ငါးသောင်း"

"မများဘူးလားဗျာ"

"ပတ်ဝန်းကျင်ကောင်းတယ်လေ"

"ဒီပတ်ဝန်းမျိုးပါပဲ၊ ဟိုဘက်လမ်းထဲမှာ တစ်သောင်းပဲပြောတာ"

"ဒီမှာက ထူးခြားတဲ့စကျွတ်အာရုံ အပိုဝန်ဆောင်မှု ပါတယ်လေ၊ မျက်နှာချင်းဆိုင်က ကိုယ်လုံးအလှ လေ့ကျင့်ခန်းမ၊ ဘေးက အလှပြင်ဆိုင်၊ မျက်စောင်းထိုးက အလှကုန်အရောင်းခန်းမ"





ဆေးခန်းဖွင့်ပုံက

"ငါတို့လမ်းထဲက လူတွေက ရောဂါဖြစ်မယ် မကြံနဲ့၊ ဆေးခန်းရောက်ပြီ"

"ကျန်းမာရေး အသိရှိတာ ကောင်းတာပေါ့ကွာ"

"ကျန်းမာရေး အသိရှိလို့ မဟုတ်ပါဘူးကွာ၊ ဆေးခန်းက နေရာရွေးတာ မှန်သွားတာ၊ မော်ဒယ်ဂဲလ်ညီအစ်မ သုံးယောက်ရှိတဲ့အိမ်မှာ အခန်းကန့်ငှားလိုက်တာလေ၊ သူတို့လှေကျှင့်တဲ့အခန်းနဲ့ ကပ်လျက်"

## သေပြီဆရာ

"မျက်စိ စမ်းသပ်ချင်လို့"

"ခုတပ်နေတဲ့မျက်မှန်က ကြည့်လို့ မကောင်းလို့လား"

"ပုံမှန်ပဲမြင်ရတယ် ဆရာ"

"အဘ... ဘယ်လိုမြင်ချင်တာလဲ"

"မှန်ဘီလူးနဲ့ကြည့်သလို မြင်ချင်တာ၊ မှန်ဘီလူးကို မျက်မှန်လုပ်တပ်လို့ရမလား"





## တောင်းမှာပဲ

ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးဟာ ဗိုက်နာပြီးမီးဖွားချင်လာတဲ့အတွက် ဆေးရုံဆီကို အပြေးအလွှားရောက်လာပါတယ်။ ဒါပေမဲ့ ဆေးရုံပေါ်မရောက်ခင် ဆေးရုံရှေ့ မြက်ခင်းပေါ်မှာပဲ ကလေးမွေးလိုက်ရတယ်။

နောက်မကြာခင် ကလေးရဲ့ဖခင်ဆီ ရောက်လာတဲ့ ငွေတောင်းခံလွှာ စာရင်းထဲမှာ "ကလေးမွေးခန်းခ ဒေါ်လာ(၅၀၀)" လို့ရေးထားတာ တွေ့လိုက်တယ်။ ဒါနဲ့ဖခင်က ကလေးဟာ ဆေးရုံရှေ့က မြက်ခင်းပေါ်မှာသာ ဖွားမြင်တဲ့အကြောင်း ဆေးရုံကို ပြန်အကြောင်းကြားလိုက်၏။ တစ်ပတ်လောက်နေတော့ ထပ်ရောက်လာတဲ့ ငွေတောင်းခံလွှာ စာရင်းထဲမှာ "မြက်ခင်းခ ဒေါ်လာ (၂၀၀)" လို့ ပြန်ပြင်ဆင်ထားတာ တွေ့လိုက်ရပါတယ်။



## စိတ်ကူးက

စာရေးဆရာတစ်ဦးနှင့် မိတ်ဆွေတစ်ဦးတို့ တွေ့ကြရာဝယ်

"စာရေးဆရာကြီး၊ အခု ဘာစာတွေရေးနေသလဲ"

"တစ်လအတွင်း အကြွေးကျေအောင်ဆပ်နည်း စာအုပ်ထုတ်ဖို့ရှိတယ်"

"ဒါဆိုခင်ဗျား ကိုယ်တိုင် အကြွေးကျေအောင် ဆပ်နိုင်ခဲ့ပြီပေါ့"

"လောလောဆယ်တော့ ဘယ်ဆပ်နိုင်ဦးမှာလဲဗျာ၊ အကြွေးတင်နေတဲ့လူတိုင်း ကြွေးကျေချင်ကြတာပဲ၊ ဒီခေါင်းစဉ်ကို စိတ်ဝင်စားပြီး ဝယ်ဖတ်လို့ ရောင်းကောင်းရင် ကျုပ်အကြွေးတွေ အတော်အတန် ကျေသွားမှာပေါ့"

"ဟေ"



## စိတ်ကူးက

စာရေးဆရာတစ်ဦးနှင့် မိတ်ဆွေတစ်ဦးတို့ တွေ့ကြရာဝယ်

"စာရေးဆရာကြီး၊ အခု ဘာစာတွေရေးနေသလဲ"

"တစ်လအတွင်း အကြွေးကျေအောင်ဆပ်နည်း စာအုပ်ထုတ်ဖို့ရှိတယ်"

"ဒါဆိုခင်ဗျား ကိုယ်တိုင် အကြွေးကျေအောင် ဆပ်နိုင်ခဲ့ပြီပေါ့"

"လောလောဆယ်တော့ ဘယ်ဆပ်နိုင်ဦးမှာလဲဗျာ၊ အကြွေးတင်နေတဲ့လူတိုင်း ကြွေးကျေချင်ကြတာပဲ၊ ဒီခေါင်းစဉ်ကို စိတ်ဝင်စားပြီး ဝယ်ဖတ်လို့ ရောင်းကောင်းရင် ကျုပ်အကြွေးတွေ အတော်အတန် ကျေသွားမှာပေါ့"

"ဟေ"

## ပျက်နေရင်

မိခင်ဖြစ်သူက သားငယ်အား မီးပွိုင့်တစ်ခုအား လက်ညှိုးထိုးပြပြီး သင်နေသည်မှာကား...

"သား မီးပွိုင့်ကို ကြည့်ထားနော်၊ လမ်းဖြတ်ကူးတဲ့အခါ မီးပွိုင့်စိမ်းနေရင် မကူးနဲ့ဦး၊ နီသွားမှ ဖြတ်ကူး"

"မီးပွိုင့်ဝါနေတာကကော မေမေ"

"မီးပွိုင့်စိမ်းနေတာကနေ နီတော့မယ်ဆိုတာ အချက်ပေးတာ သားရဲ့"

"ဒါဆို မီးပွိုင့်ပျက်နေရင် ဘယ်လိုလမ်းဖြတ်ကူးရမလဲ မေမေ"

"အယ်"

စိန်ငှက်ရိုး